# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၃)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၂၂-၁၁-၂၀၂၄၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနား ကျင်းပ

## Naypyitaw State Polytechnic University မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော်   နိုဝင်ဘာ   ၂၁

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။ စာမျက်နှာ ၃ သို့ ☆

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၁

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ


## ယနေ့ ဖတ်စရာအညွှန်း

(၂၇)နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း
စာမျက်နှာ ၁၇

ငယ်စဉ်က အထိုင်များခဲ့သူများ အရွယ်ရောက်လာလျှင် သွေးတိုးရောဂါခံစားရမည်ဟု လေ့လာတွေ့ရှိ
စာမျက်နှာ ၁၈

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက် ၊ သောကြာနေ့။

မန္တလေး နေ့စဉ်

## စံချိန်စံညွှန်းမီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံအတွင်းရှိ လူဦးရေအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါ်များရေးကို အမျိုးသားရေးရည်မှန်းချက်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် လူသားတို့အသက်ရှည် ကျန်းမာနေထိုင်ရေးအတွက် အစာအာဟာရဖြည့်စွမ်းပေးသော လုပ်ငန်းရပ်လည်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင်ထုတ်လုပ်၊ ရောင်းချသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအား စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီအောင် ကြိုးပမ်းထုတ်လုပ်ရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးပြည့်မီသော စားသောက်ကုန်များကို ရွေးချယ်စားသောက်လာတတ်သည့် လူနေမှုပုံစံသစ်ပြောင်းလဲလာသည်ကို တွေ့ရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူထုတ်လုပ်နေသော အခြေခံစားသောက်ကုန်များကို စတင်ထုတ်လုပ်သည့်အချိန်မှစ၍ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုးပြီးသည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အစဉ်အမြဲလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ထို့ပြင်ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းစားသောက်ကုန်များသာမက ပြည်ပမှတင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက စစ်ဆေးပေးလျက်ရှိသည်။ ကုန်ပစ္စည်းများကိုလည်း စားသုံးသူများအား ရောင်းချရာတွင် အရည်အသွေးစစ်ဆေးပြီးကြောင်း အသိအမှတ်ပြုပြီးမှသာ ပြည်သူများအား ရောင်းချခွင့်ပေးလျက်ရှိသည်။ စံချိန်စံညွှန်းမီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်လာမည်ဖြစ်သည်။ ထို့ပြင် လူမှုစီးပွားဘဝများကိုပါ မြင့်မားတိုးတက်လာမည့်အပြင် နိုင်ငံတကာဈေးကွက်ကိုပါ ထိုးဖောက်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်သည်။ စံချိန်စံညွှန်းမီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရာတွင် ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းအတွက်သာမက ပြည်ပသို့ပါ တင်ပို့နိုင်ရေးကုန်ပစ္စည်းများ၏ အရည်အသွေးကို စတင်ထုတ်လုပ်သည့်အချိန်မှစ၍ ဖြန့်ချိချိန်အထိ စနစ်တကျဆောင်ရွက်သွားနိုင်အောင် ထုတ်လုပ်ရောင်းချသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စံချိန်စံညွှန်းမီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းစားသောက်ကုန်များ၏ စံချိန်စံညွှန်းများကို ရေးဆွဲအတည်ပြုပေးခြင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များအား ပြင်ဆင်ရေးဆွဲခြင်းနှင့်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဆင်းရဲချို့တဲ့သော အိမ်ထောင်စုများနှင့် အဘိုး၊ အဘွားများအား ထောက်ပံ့လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုဇယားပေါက်ပြီး ဆင်းရဲချို့တဲ့သော အိမ်ထောင်စုများနှင့် အသက် ၈၀နှစ်နှင့်အထက် အဘိုး၊ အဘွားများအား (၂၇)ကြိမ်မြောက်အဖြစ် အလှူငွေများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထောက်ပံ့လှူဒါန်းပွဲသို့ မဟာအောင်မြေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့မိမြို့ဖ အလှူရှင် ဦးရင်မောင်ဟိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ရပ်မိရပ်ဖများတက်ရောက်ကြပြီး ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စု ၃၆ စုအား အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ လက်ဖက်ခြောက်တစ်ထုပ်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ အိုင်အိုဒင်းဆား၊ ဒဏ်ကြေဆေးနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၃ ဦးအားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၄၀)

## အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့၏ လမ်းညွှန်မှာကြားချက်ဖြစ်သော "လူနာများနှင့် ပြည်သူ့ဆေးရုံများ၏ ဝန်ထမ်းများအကြားတွင် နားလည်မှုရှိစွာဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရေး အလေးထားရမည့်အချက်များ"အား အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် သရက်ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ရွှေအောင်က "ထိရောက်ပြီး အရည်အသွေးမြင့်မားသော ကျန်းမာရေးဝန်ဆောင်မှုပေးအပ်နိုင်ရေးအတွက် ဆရာဝန်-လူနာဆက်ဆံရေး၊ သူနာပြု-လူနာဆက်ဆံရေးတည်ဆောက်မှုများသည် အဓိကအကျဆုံး အခြေခံအချက်များဖြစ်သည်။ ထို့အပြင် ဆေးရုံရှိဝန်ထမ်းများနှင့် လူနာများ၊ လူနာစောင့်များအကြား ပြေပြစ်သည့်ဆက်ဆံရေး တည်ဆောက်မှုများသည်လည်း အရေးကြီးကြောင်း" အသိပညာပေး ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ သရက်ခရိုင်ပြည်သူ့ဆေးရုံ၊ တလပါးတိုက်နယ်ဆေးရုံ၊ ဆင်ကော်တိုက်နယ်ဆေးရုံတို့မှ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ သူနာပြုကြီးများနှင့် သူနာပြုများ စုစုပေါင်း ၆၈ဦး တက်ရောက်ကြကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

## မန္တလေး မြန်မာ့စီးပွားရေး ဘဏ်(၂)တွင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၄လမ်းနှင့် ၈၃လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်(၂)တွင် နိုဝင်ဘာလအတွက် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ယနေ့ နံနက်ပိုင်းမှ စတင်ထုတ်ပေးလျက်ရှိသည်။

ပင်စင်ထုတ် ပင်စင်စားများ အဆင်ပြေပြေ စိတ်ချမ်းမြေ့စွာ ထုတ်နိုင်ရေး အမိုးများ၊ ထိုင်ခုံများ စီစဉ်ပေးထားသည်။ ထို့ပြင် အချိန်ကြာမြင့်စွာ မစောင့်ဆိုင်းရအောင် မိမိထုတ်ယူမည့်နေ့ရက်အလိုက် တုံကင်များကြိုတင်ထုတ်ပေးထားသည်ဟု သိရသည်။

ထို့ပြင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို E-Pension ကတ်ဖြင့် မြန်မာ့စီးပွားရေးဘဏ် ၁-၂-၃ အပါအဝင် Centralized e-pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများတွင်လည်း သွားရောက်ထုတ်ယူနိုင်သည်ဟု သိရသည်။

(အောက်ပုံ)

(၀၅၀)

၀-၀-၀-၀-၀





## အောင်မြေသာစံမြို့နယ် ပြန်/ဆက်ရုံးတွင် အခမ်းအနားမှူး သင်တန်းဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော အခမ်းအနားမှူးသင်တန်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center တွင် ကျင်းပပြုလုပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများဖြစ်ကြသော ချမ်းမြသာစည်မြို့နယ် ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်း၊ အောင်မြေသာစံမြို့နယ်ဦးစီးအရာရှိ ဒေါ်စံပယ်တို့က သင်ကြားပို့ချကြမည်ဖြစ်ပြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ဆရာမ(၂၅)ဦး တက်ရောက်ကြကာ သင်တန်းကို နှစ်ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသိန်းကျော်နှင့် ဦးမျိုးသန့်၊ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်ရုပ်တုနှင့် Naypyi-taw State Polytechnic University ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကိုတက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် "အင်ဂျင်နီယာ နှစ် ၁၀၀" သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်မှု၊ "Welcome To NSPU" သီချင်းဖြင့် သရုပ်ပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အခမ်းအနားသည်

စာမျက်နှာ ၄ သို့ »»






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မျိုးဆက်သစ်အင်ဂျင်နီယာကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

»» စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်မြောက်သော အချိန်ဖြစ်သည့်အပြင် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေမည့် Naypyitaw State Polytechnic University ကို နိုင်ငံ၏မြို့တော် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်ရာတည်ရှိ**

မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များသည် ပျူခေတ်၊ ပုဂံခေတ်မှစပြီး ထွန်းကားခဲ့သည်ကို သမိုင်းအထောက်အထား မှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ ပျူခေတ် မြန်မာ့ဗိသုကာအမွေအနှစ်လက်ရာများကို ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့တွင် အထင်အရှား တွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် တည်ထားခဲ့သည့် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီး ဘုရားများတွင်ရှိသည့် ဗိသုကာလက်ရာများသည် မြန်မာတို့၏ ဗိသုကာပညာရပ်အဆင့်အတန်းမြင့်မားမှုကို အထင်အရှားဖော်ပြနေကြောင်း၊ ထို့ပြင် ပုဂံမင်းလက်ထက် အမရပူရမြို့စာရေး ဦးပိန် တည်ဆောက်ခဲ့သည့် တစ်မိုင်နီးပါးရှည်လျားသော ဦးပိန်တံတားသည် ကျွန်းသစ်ကိုသာအသုံးပြုထားသည့် ကမ္ဘာ့အရှည်ဆုံး သစ်သားတံတားတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တည်ရှိနေကြောင်း။

ရတနာပုံခေတ်တွင် အင်ဂျင်နီယာပညာများ ဖွံ့ဖြိုးတိုးတက်ရာ၌ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသားကြီးက ဒင်္ဂါးစက်ရုံ၊ မဲနယ်စက်ရုံ၊ သကြားစက်ရုံ၊ သဘော်စက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ရက်ကန်းစက်ရုံ စသည့် ရတနာပုံခေတ်စက်ရုံများကို တည်ထောင်ခဲ့ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် မောင်ရွှေအိုးက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ရှိသည့် ဇဟိုဝိဇ္ဇာ တက္ကသိုလ်မှ သိပ္ပံပညာမဟာဝိဇ္ဇာဘွဲ့အပြင် မြို့ပြအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ကြောင်း၊ ၁၈၆၇ ခုနှစ်တွင် ဖန်ချက်ပညာဆိုင်ရာ စာတမ်းကို ဆက်သွင်းခဲ့သဖြင့် ဖန်ချက်ဝန်အဖြစ် ခန့်အပ်ခံရသည့် မြန်မာ့ပထမဦးဆုံးသော အင်ဂျင်နီယာလည်းဖြစ်ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင်သည် အီတလီနိုင်ငံ၏ ဟိုတယ်ဒီဇိုင်းကို အခြေခံပြီး ယောမင်းကြီးအုတ်ကျောင်းကို မန္တလေးမြို့တွင် တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၈၆၉ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင်က မြန်မာ့ကြေးနန်းရိုက်နည်းဆိုင်ရာ လီပိဒီပိကာကျမ်းကို ရေးသားပြုစုခဲ့ပြီး ၁၈၇၀ ပြည့်နှစ်တွင် မြန်မာ့ကြေးနန်းလိုင်းများကို စတင်သွယ်တန်းခဲ့ကြောင်း။

**စတင်ဆောက်လုပ်နိုင်ခဲ့**

၁၈၇၂ ခုနှစ်တွင် ကင်းဝန်မင်းကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နှင့် အခြားဥရောပနိုင်ငံများကို သွားရောက်ခဲ့ပြီး လမ်းနှင့်တံတားတည်ဆောက်မှုအပါအဝင် အနောက်တိုင်းပညာရေးစနစ်များ၊ အုပ်ချုပ်မှုနှင့် အခြေခံအဆောက်အအုံများကို လေ့လာခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် စစ်ကိုင်းသံဖိုရုံကို အုတ်မြစ်ချစတင်ဆောက်လုပ်နိုင်ခဲ့ပြီး ပြင်သစ်တွင် သံချက်ပညာသင်ယူခဲ့သည့် သံချက်ဝန်မင်း ဦးမြူက ကြီးကြပ်ပြီး သံပွတ်လုံးမှအစ သံပြား၊ သံလုံး၊ သံမြောင်းများ၊ လက်နက်များ ပြုလုပ်နိုင်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၉၆၀ ပြည့်နှစ်တွင် "လျှပ်စစ်မီးဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ကြွေးကြော်သံဖြင့် ၈၄ မဂ္ဂါဝပ်ရှိသည့် ဘီလူးချောင်းအမှတ်(၂) လောပိတရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ၁၆၈ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်အစောပိုင်းတွင် တက္ကသိုလ်များ ကွန်ပျူတာစင်တာကို တည်ထောင်ခဲ့ပြီး ICL-1902S Mainframe အမျိုးအစား ကွန်ပျူတာစက်ကြီးတစ်လုံးကို ပထမဆုံး ကွန်ပျူတာအဖြစ် တပ်ဆင်ခဲ့ပြီး ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း။

ခေတ်အဆက်ဆက်တွင် မြန်မာ့အင်ဂျင်နီယာနှင့်ဗိသုကာပညာရှင်အမြောက်အမြား ပေါ်ထွန်းခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ခန်းမကို မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်က နိုင်ငံခြားသားပညာရှင်များနှင့် ပူးပေါင်းပြီး ဥရောပလက်ရာနှင့် မြန်မာ့ရိုးရာ ဗိသုကာလက်ရာတို့ပေါင်းစပ်ပြီး ဒီဇိုင်းရေးဆွဲခဲ့ကြောင်း။

ယခု ၂၁ ရာစုတွင်လည်း နေပြည်တော် မြို့တော်တည်ဆောက်ရေးနှင့် နေပြည်တော်တွင်ရှိသည့် လွှတ်တော်အဆောက်အအုံများကို မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာများနှင့် ခြယ်မှုန်းပြီး မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်ထားသည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသည် ဘူမိဖဿမုဒြာစကျင်ကျောက် ရုပ်ပွားတော်ဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အလေးချိန်အများဆုံး စကျင်ကျောက် ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် CNC နည်းပညာကို အသုံးပြုပြီး အောင်မြင်စွာ တည်ထားခဲ့ခြင်း ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



Naypyitaw State Polytechnic University ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၄ မှ

ထို့အပြင် အရှည်ပေ ၈၆၃၈ ပေရှိသည့် Cable-Stayed တံတားအမျိုးအစား ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ကိုလည်း မြန်မာ့အင်ဂျင်နီယာ ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖွန်လမှာ ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက ၁၉၂၃-၁၉၂၄ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာဌာနစတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေး၏ အစဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ ၁၉၂၄-၁၉၂၅ ပညာသင်နှစ်တွင် မြို့ပြအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် မြန်မာ့ပထမဦးဆုံး အင်ဂျင်နီယာဘွဲ့ရ ၂၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

၁၉၆၁ ခုနှစ်တွင် ယခုလက်ရှိ အင်းစိန်မြို့နယ် ကြို့ကုန်းတွင်ရှိသည့် ရန်ကုန်နည်းပညာတက္ကသိုလ်နေရာကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် မန္တလေးစက်မှုတက္ကသိုလ်၊ ၁၉၉၄ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ်၊ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ၁၉၉၈ ခုနှစ်တွင် ပြည်နည်းပညာတက္ကသိုလ်၊ ၂၀၀၂ ခုနှစ်တွင် အရှေ့တောင်အာရှတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်ကအားထားရသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာပညာရှင်များကို အရည်အချင်းပြည့်မီစွာ မွေးထုတ်ပေးနိုင်ရန် အတွက် Naypyitaw State Polytechnic University နှင့် Polytechnic University ခုနစ်ခု၊ နည်းပညာတက္ကသိုလ် ၂၇ ခု၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်တစ်ခု စုစုပေါင်း အင်ဂျင်နီယာပညာရပ်သင်ကြားပို့ချပေးသည့် တက္ကသိုလ် ၅၆ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် Naypyitaw State Polytechnic University နှင့်အတူ Polytechnic University ငါးခုကို **ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင်** ယနေ့တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်ကို တစ်ပါတည်း ပြောကြားလိုကြောင်း။

Polytechnic University ဆိုသည်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာပညာရပ်နှင့် အသုံးချသိပ္ပံ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများအထိ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့် ပညာရေးကို သင်ကြားပို့ချပေးခြင်း၊ ခေတ်မီနည်းပညာနှင့် သုတေသန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင် လိုအပ်သည့်ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းလိုအပ်ချက်ကိုက်ညီပြီး ကောင်းစွာကျွမ်းကျင်တတ်မြောက်သည့် ဘွဲ့ရများမွေးထုတ်ပေးခြင်း၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများရရှိနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ပိုလီတက္ကနစ်တက္ကသိုလ်များကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Polytechnic University များသည် ဘာသာရပ် နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချသည့် နေရာတစ်ခုဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀) ပြည့်ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့်အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာ ပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နေပြည်တော်နည်းပညာတက္ကသိုလ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် အစိုးရနည်းပညာကောလိပ် (နေပြည်တော်)အဖြစ်မှ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အင်ဂျင်နီယာအထူးပြုဘာသာရပ်ခြောက်ခုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ အထူးပြုဘာသာရပ်ကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နေပြည်တော် နည်းပညာတက္ကသိုလ်ကို Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဂျင်နီယာအထူးပြုဘာသာရပ်များသာမက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကိုပါ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ »»»




Naypyitaw State Polytechnic University အဆောက်အအုံကို တွေ့ရစဉ်။

»»» စာမျက်နှာ ၅ မှ

Naypyitaw State Polytechnic University ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီး တစ်ခုဖြစ်လာစေရန်ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ အင်ဂျင်နီယာ အထူးပြုဘာသာရပ်ဌာနခုနစ်ခု၊ ကွန်ပျူတာအထူးပြုဘာသာရပ် ဌာနလေးခု၊ အခြားအထောက်အကူပြုဘာသာရပ်ဌာနငါးခု၊ သင်ကြားရေးဌာန စုစုပေါင်း ၁၆ ခုဖြင့် ပြည့်စုံအောင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုအချိန်တွင် အင်ဂျင်နီယာအထူးပြုဘွဲ့ ခုနစ်မျိုးနှင့် ကွန်ပျူတာ အထူးပြုဘွဲ့ နှစ်မျိုး၊ စုစုပေါင်း ဘွဲ့ကိုးမျိုး အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် အင်ဂျင်နီယာအထူးပြု ကျောင်းသား ၂၇၀၊ ကွန်ပျူတာအထူးပြု ကျောင်းသား ၁၂၀ စုစုပေါင်း ၃၉၀ ခေါ်ယူသွားမည်ဖြစ်ပြီး အင်ဂျင်နီယာအထူးပြု ဘာသာရပ်ကို စာသင်နှစ် ငါးနှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်ကို စာသင်နှစ်လေးနှစ် စသည်ဖြင့် သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း၊ Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာပိုလီတက္ကနစ်တက္ကသိုလ်များ နည်းတူ အထူးပြု နယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီ သင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးလိုက်သည့် Naypyitaw State Polytechnic University ကို ယခုထက် ပိုမိုဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံ့အကျိုးကို ဆောင်ရွက်**

မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့ရိုးရာ အင်ဂျင်နီယာနှင့် ဗိသုကာအတတ်ပညာဖြင့် နိုင်ငံ၏ဂုဏ်အဖုံဖုံကို မြှင့်တင်ပေးခဲ့ကြသည့် ရှေးပညာရှင် အကျော်အမော်များအားလုံး ခေတ်သစ်အင်ဂျင်နီယာပညာများနှင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အင်ဂျင်နီယာပညာရှင်များ အားလုံးကို အထူးပင်ဂုဏ်ပြုချီးကျူးပါကြောင်းနှင့် ကျေးဇူးဥပကာရတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး သမိုင်းတစ်ခေတ်တွင်ခဲ့သည့် နှစ် (၁၀၀) ပြည့်မှသည် နောင်နှစ်ပေါင်းထောင်ချီတိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်ဂျင်နီယာကျောင်းသားဟောင်းကြီးများ၊ အင်ဂျင်နီယာ လုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်၍ နိုင်ငံ့အကျိုးကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး သမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းတင် Documentary ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပြသထားသောပြခန်းများကို စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ Naypyitaw State Polytechnic University ကို နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာ နည်းပညာဆိုင်ရာ ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော် နည်းပညာ တက္ကသိုလ်အဖြစ်မှ Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပြီး တက္ကသိုလ်၏ အခြေခံအဆောက်အအုံဖြစ်သည့် စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင်ရှိသည့် ကျွမ်းကျင်အင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး သဘာဝနှင့်လိုက်လျောညီထွေစွာ သက်သောင့်သက်သာ ပညာသင်ယူနိုင်ရေး ကြိုးစားတည်ဆောက်ထားခြင်း ဖြစ်သည်။ ပရိဘောဂလိုအပ်ချက်၊ သင်ထောက်ကူပစ္စည်း လိုအပ်ချက်များကိုလည်း နိုင်ငံတကာတက္ကသိုလ်များနည်းတူ ပြည့်စုံလုံလောက်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူရသည့် ကာလတစ်လျှောက် အေးချမ်းပျော်ရွှင်စွာဖြင့် တက္ကသိုလ်ကျောင်းသားဘဝ၏အနှစ်သာရကို ပြည့်ပြည့်ဝဝရရှိစေရေးအတွက် အားကစားကွင်း၊ Recreation Centre စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်နေစေရေး သစ်ပင်ပန်းမန်များ၊ အလှရေကန်များ၊ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်သည့်နေရာများဖြင့် ဖန်တီးတည်ဆောက်ပေးထားသည်။

ယနေ့တွင် Naypyitaw State Polytechnic University ဖွင့်လှစ်မှုနှင့်အတူ တစ်ချိန်တည်း၌ ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင်လည်း Polytechnic University များကို ဖွင့်လှစ်နိုင်ခဲ့ပြီး Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာ ပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*** Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာ ပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်**




Naypyitaw State Polytechnic University ညရှုခင်းကို တွေ့ရစဉ်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း-၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁- ၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No- 06713906701442701 သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ထိန်းသိမ်း ကန်ဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းကန်ဆယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများနှင့် ရေကန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရေကန်အလှူရှင်များ တက်ရောက်ကြသည်။



### ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပူးပေါင်းဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရေကန်တစ်ကန်ချင်းစီ အလှူရှင် ၂၁ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသော ရေကန် ၄၅ ကန်နှင့် ဆောင်ရွက်ဆဲ ရေကန်ငါးကန်ရှိပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ မတူးဖော်ရသေးသော ရေကန် ၃၄ ကန်ကို ကန်ဆယ်တူးဖော်သွားမည်ဖြစ်ပါကြောင်း။

ပုဂံခေတ်ရှေးဟောင်းရေလမ်းကြောင်း အဓိကသုံးကြောင်းကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပူးပေါင်းကူညီမှုဖြင့် ပြန်လည်ဖော်ထုတ်ပြုပြင်ခဲ့ပါကြောင်း၊ အလှူငွေများလှူဒါန်းပေးသော အလှူရှင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရေလမ်းကြောင်းများဖော်ထုတ်နေမှုအခြေအနေနှင့် ရေကန်များအား ပြုပြင်ထိန်းသိမ်းတူးဖော်ကန်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို Power Point၊ Video Short Clip များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တူးဖော်ရန်ရေကန်တစ်ကန်ချင်း လှူဒါန်းခဲ့သည့် အလှူရှင် ၂၁ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံနှင့် ရေကန်ဆိုင်ရာအချက်အလက်များကိုပေးအပ်ရာ အလှူရှင်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တိပိဋကပါဠိမြန်မာအဘိဓာန်အား အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အန္တရာယ်ကင်းပရိတ်တော်များ ပုံနှိပ်ထုတ်ဝေနေမှုတို့ကို ပြည်ထောင်စုဝန်ကြီးက ဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့၌ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက်မြန်မာပြည် ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။





ဦးစွာပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှုကို ပြေလည်စွာ ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်လာစေရန် လုပ်ငန်းခွင်အတွင်း၌ အလုပ်ရှင်၊ အလုပ်သမား ကနဦးဆွေးနွေးညှိနှိုင်းနိုင်ရေး အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များပါဝင်သည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)ကို အလုပ်သမား ၃၀ နှင့် အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် ဖွဲ့စည်းပေးထားကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူဆောင်ရွက်နေသည့်ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အဆင့်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်၍ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ လူမှုဘဝတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရေးယန္တရားတွင်ပါဝင်သည့် သက်ဆိုင်ရာကိုယ်စားလှယ်များအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်ပြီး အဖွဲ့အစည်း အစွဲမထားဘဲ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်၏အကျိုးကို ကြည့်ရှုဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)သို့ရောက်ရှိပြီး သင်တန်းကျောင်းရှိ စာသင်ဆောင်ခန်းမ မျက်နှာကြက်တပ်ဆင်ခြင်း၊ တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် လေအေးပေးစက်တပ်ဆင်/ ပြုပြင်ခြင်း သင်တန်း (၂/၂၀၂၄) ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသုံးပစ္စည်းများနှင့် လေ့ကျင့်ရေးနည်းပြများ၏ အရည်အသွေးအာမခံချက်ရှိရန် လိုအပ်ပါကြောင်း၊ လေ့ကျင့်ရေးနည်းပြများအနေဖြင့် လုပ်ငန်းခွင်၏ တိုးတက်ပြောင်းလဲနေသောအခြေအနေများကို လေ့လာသုံးသပ်ပြီး သင်တန်းများတွင် ထည့်သွင်းသင်ကြားနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချနိုင်ရေး သိကောင်းစရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် KM Terminal Logistics Co., Ltd. ၏ မြစ်ငယ်ကုန်းတွင်းဆိပ်ကမ်း စီမံကိန်းလုပ်ငန်း၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချနိုင်ရေးသိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဝန်ထမ်း ၄၀ ဦးအား အသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေးပိုစတာများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချနိုင်ရေးနှင့် ပတ်သက်၍ ဟောပြောရာတွင် တောမီးနှင့် အခြားအကြောင်းအရင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းမှုတို့မှ ထွက်ပေါ်လာသည့် အခိုးအငွေ့များ၊ အမှုန်အမွှားများနှင့် ရေခိုးရေငွေ့များ လေထုထဲတွင်ပေါင်းစပ်ရာမှ ဖြစ်ပေါ်လာသည့် မီးခိုးမြူများသည် တစ်နေရာမှ တစ်နေရာ၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ အလွယ်တကူ ရွေ့လျားပျံ့နှံ့ရာမှ ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးကိုသာမက သက်ရှိသက်မဲ့ သယံဇာတအရင်းအမြစ်များနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ဆိုးရွားစွာအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသဖြင့် သက်ဆိုင်ရာ ဌာနများ၊ စက်ရုံ၊ အလုပ်ရုံ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူလူထုများ ပူးပေါင်း၍ လျှော့ချရေး အစီအစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

(၀၅၆)

၀-၀-၀-၀-၀

၀-၀-၀

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့ရရှိ

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့အား ၂၀၂၃ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထို့နည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ကြည်မင်းဝေ ရေးသားသည့် **စစ်သူကြီး မဟာမင်းထင်နော်ရထာ** စာအုပ် (ဖိုးဝစာပေတိုက်)၊ ဝတ္ထုတိုဆုတွင် မနှင်းဖွေး ရေးသားသည့် **လောကပြတင်း မဂ္ဂဇင်းဝတ္ထုများ** စာအုပ် (လင်းလွန်းခင်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် စဆနိုင် ရေးသားသည့် **အမေပေးသောကဗျာများ** စာအုပ် (စာပေဗိမာန်)၊ စာပဒေသာဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **အမေ့အပြုံးနှင့် အဖေ့မျက်ရည်** စာအုပ် (မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆုတွင် ဉာဏ်လင်းတင့် ရေးသားသည့် **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ** စာအုပ် (ဦးသန်းမြင့်စာပေတိုက်)၊ ကလေးစာပေဆုတွင် ပုလောစိုးနံ့သာ ရေးသားသည့် **စက္ကူလေယာဉ်ပျံကလေးကဗျာများ** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ လူငယ်စာပေဆုတွင် ကပ္ပတိန်သာစိန် ရေးသားသည့် **ဘဝခရီးသွားလူငယ်များသို့** စာအုပ် (ငွေကောင်းကင်စာအုပ်တိုက်)၊ ဘာသာပြန်(သုတ)ဆုတွင် မင်းအောင်မင်းရေးသားသည့် **မှေးမှိန်လာသော အမေရိကန်ရာစုနှစ်** (ယဉ်မျိုးစာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပျံချီရေးသားသည့် **ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ** စာအုပ် (ပပဝင်းစာပေတိုက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **ချူကလီးယားစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ** စာအုပ် (စွယ်စုံစာပေတိုက် )၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဇရာကို ရင်ဆိုင်ခြင်း အနုပညာ** စာအုပ် (ဦးမျိုးဆင့်စာပေတိုက် )၊ နိုင်ငံရေးစာပေဆုတွင် နေဇင်လတ် ရေးသားသည့် **အတွေးအမြင်**စာအုပ် (မြဝတီစာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Terence Tan ရေးသားသည့် **Ancient Beads and Jewellery of Myanmar** စာအုပ် (DUYA SARPAY စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် နေမျိုး ရေးသားသည့် **မိုးဘိုင်စကုတ်** စာအုပ် (ငါတို့စာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် သုတေသီမောင်မောင် ရေးသားသည့် **မဟာဂီတပေါင်းချုပ်စွယ်စုံကျမ်း** စာအုပ် (လမင်းလေးစာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ညိမ်းညို၏ **စာမျက်နှာတချို့**၊ ဒုတိယဆုကို ချစ်ညွန့်ကျော်၏ **ကွယ်လေးရဲ့ မောင့်ခြုံထည် တန်းသွယ်လို့မိုး**၊ တတိယဆုကို မောင်စိုးထိုက် (သုံးဆယ်)၏ **ကျွန်တော်တို့ သားအမိ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို တက္ကသိုလ်မြမဥ္ဇူ၏ **ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်နှင့် အခြားဝတ္ထုတိုများ**၊ ဒုတိယဆုကို လွမ်းနိုနို (ဘော်မြေ)၏ **မေတ္တာပန်းတို့ လန်းစွင့်ဝေဖြာ မြေအောက်ကမ္ဘာနှင့် ဝတ္ထုတိုပေါင်းချုပ်**၊ တတိယဆုကို ရဲမင်းစိုး၏ **မုန်တိုင်းကိုမမှု အံတုလေသော်နှင့် အခြားဝတ္ထုတိုများ**စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ခက်လှိုင်းကျော်၏ **စိတ်တစ်ဆင်စာကဗျာများ**၊ ဒုတိယဆုကို ရွှန်းညို (တာချီလိတ်)၏ **ရှမ်းရှေ့မြေရနံ့နှင့် ကဗျာစုများ**၊ တတိယဆုကို မောင်ချိုဝေ၏ **ယာထဲက ကြေးစည်သံနှင့် လက်ရွေးစင်ကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပထမဆုကို မြန်စာမြေသိန်းလွင်၏ **ပျို့စာဆို ဦးနိုး၏ ဘဝနှင့်စာပေ**၊ ဒုတိယဆုကို အရှင်ရေဝတ (ရွှေကွမ်းသား)၏ **သမိုင်းမော်ကွန်း ရည်ညွှန်းသက်သေတွံတေးမြေ**၊ တတိယဆုကိုမောင်သာ(ရှေးဟောင်းသုတေသန)၏ **ပရိုင်းမိတ်မှ ပျူသို့ယဉ်ကျေးမှုအထောက်အထားများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆုကို ဒေါက်တာကောင်းစံ၏ **စားသုံးသူများ၏ ကျန်းမာရေး၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေးနှင့်** တတိယဆုတွင် ဒေါက်တာချိုနိုင်(အေးချမ်းရိပ်)၏ **အလေးအနက်ထားစရာ လျစ်လျူရှုခံရောဂါများ** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို အန်ကယ်ပညာ၏ **မေမေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ**၊ ဒုတိယဆုကို အောင်(လွန်ဆေး)၏ **ပြိုင်တူတွန်းသောအရွေ့နှင့် ဘဝတစ်ကွေ့အမှတ်တရစာစုများ**၊ တတိယဆုကို မောင်လှကျော်(ပန်းတောင်း)၏ **ရွှေဂေဟာမှူး၏ ပေးကူလမ်းပြဘဝမြေပြင်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **ပျိုလေးကြိုလှည့်ပါ့** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို ကနောင်နိုင်နွယ်ဦး၏ **လမင်းမျက်နှာ ပန်းမျက်နှာ ကလေးကဗျာများ**၊ ဒုတိယဆုကို အင်းကြင်းမေ၏ **စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်နှင့် ကလေးဝတ္ထုတိုများ**၊ တတိယဆုကို ညိမ်းညို၏ **ရင်သွေးရတနာ ကလေးကဗျာများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို သားညိုမောင်၏ **ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန့်တောင်ပံ သန်သလေလေ့**၊ ဒုတိယဆုကို မောင်ညိုလဲ့(အညာမြေ)၏ **လောကခံကြုံ မဖြုံစတမ်းပေါ့**၊ တတိယဆုကို နောင်အံ့လူ၏ **တောင်အရပ်မှာ ခူဝံကြယ်** စာမူများက လည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ပထမဆုကို ကိုတိုး(ရန်ကင်း)၏ **ဓာတိမာန်စာဆို ပုဂ္ဂိုလ်ကျော်များ**၊ ဒုတိယဆုကို မောင်မင်းထင် (မြစ်ဝကျွန်းပေါ်)၏ **လွတ်လပ်ရေးကြေညာစာတမ်းကို လေ့လာဖွင့်ဆိုချက်** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို နေစိုးသော်၏ **ချစ်ပန်းမွှံနှင့်** တတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြို့)၏ **မျဉ်းပြိုင်ကမ်းလက်** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဒီပံလင်း၏ **ကပ်ရောဂါဘေးကင်းစေရေး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Researcher Maung Han ၏ **Significant Cultural Information about Pyu Ancient Cities** စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ၇ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၃ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၈၄ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှတစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၄ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများ အနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။



## မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**နမ့်စန် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက အမှတ် (၂) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် လွိုင်လင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မျိုးက လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် မီးခိုးမြူငွေ့များ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံနှင့် မီးခိုးမြူငွေ့ အမျိုးအစားများ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများ၊ ကာကွယ်ရေးနည်းလမ်းများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အ.ထ.က(နမ့်စန်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မွန်မွန်မြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၁၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မြို့နယ်(ပြန်/ဆက်)**

## တမာပင်ကြီး သစ်ကိုင်းပိုးစားပြီး ကျိုးကျမှုဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၁) ရပ်ကွက် သာယာဝတီအလယ်ရပ်၊ အလုပ်သမားကုန်တင်၊ ကုန်ချရုံးရှေ့တွင် နှစ်ပေါင်းသက်တမ်း ၄၀ခန့်ရှိသော တမာပင်ကြီး၏ သစ်ကိုင်းမှာ ပိုးစား၍ ထရန်စဖော်မာအိုးနှင့် လျှပ်စစ်ဓာတ်တိုင်အပေါ်သို့ ပိမ့်မှု နိုဝင်ဘာ ၂၀ရက် ည ၆နာရီခွဲက ဖြစ်ပွားခဲ့သည်။



အဆိုပါ သစ်ကိုင်းကျိုးကျရာသို့ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် သန္နေအရန်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)နှင့် အမှတ်(၅)အရန်မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးယာဉ်ဖြင့် သွားရောက်ကူညီဆောင်ရွက်ခဲ့ကြပြီး 200 KVA ထရန်စဖော်မာအိုး တစ်လုံး၊ လျှပ်စစ်ဓာတ်တိုင် နှစ်တိုင်နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးကာ လူနှင့်အခြားအဆောက်အအုံများ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**

## မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ တပ်ဆင်ထားမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးစနစ်များ ရှင်းလင်းပြသ

**မန္တလေး နိုဝင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်းမှ လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်း အမှတ်စဉ်(၂၂/၂၀၂၄)သင်တန်းဆင်း လက်ထောက်မီးသတ်ဦးစီးမှူးများအား နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်ရှိ MISA Primary School Compusနှင့် ချမ်းမြသာစည်မြို့သစ်(၁) ရပ်ကွက်ရှိ Maxius Hotel နှင့် Entertainment တို့တွင် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တပ်ဆင်ထားမှုအခြေအနေနှင့် မီးဘေးကြိုတင်ကာကွယ်ရေးစနစ်များကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီခွဲက သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာနေ ဝေလင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄နာရီခွဲက မဒေးဒေးမူအား သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာရှိ ၎င်း၏နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ပြားအား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝေလင်း (၄၆)နှစ်နှင့် မဒေးဒေးမူ (၃၉) နှစ်တို့အား ယင်းမာပင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ နိုဝင်ဘာ ၁၉ ရက် နံနက် ၈နာရီက တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် စိုင်းမွန်းခေး(ခ) ရန်လုံကျင်း မောင်းနှင်ပြီး စိုင်းလောဝ်ငင်း(ခ)ဖုန်ခိုင်ရှီ၊ ကျလား(ခ)ဝပ်ချဖွန်ဆေးဆေးနှင့် စိုင်းနွံဖ တို့လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်း လေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျလား(ခ)ဝပ်ချဖွန်ဆေးဆေး (၂၆)နှစ်၊ စိုင်းနွံဖ (၂၅)နှစ်၊ စိုင်းမွန်းခေး(ခ)ရန်လုံကျင်းနှင့် စိုင်းလောဝ်ငင်း(ခ)ဖုန်ခိုင်ရှီတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင်ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်း ၁၇၉ ဒသမ ၈၁၄၂ တန် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် Community Monitoring and Reporting System-CMRS အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃ ဒသမ ၆၀၂၀ တန်၊ သစ်မာ ၁ ဒသမ ၆၃၉၀ တန်၊ အခြားသစ် ၁၇၄ ဒသမ ၅၇၃၂တန် စုစုပေါင်း ၁၇၉ ဒသမ ၈၁၄၂တန်၊ ယာဉ်၊ ယန္တရား လေးစီး၊ တရားခံ ၁၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ရေပေးရေးဝန်ထမ်းမိသားစုများ၏ လစဉ်တွေ့ဆုံပွဲ

**ထွန်းထွန်း**



**သန့်ရှင်းကျော်ဇော၊ ခြွေရံပေါလျက်**
**သွက်လက်ချက်ချာ၊ ရေဆာလောင်ကင်း**
**အဆင်းလှပ၊ အသက်ရှည်ရပြီး**
**သုခဗလ၊ ဉာဏ်ထက်စွ**
**ဆယ်ဝ ရေအကျိုး**

ရေသည်ကမ္ဘာပေါ် လူ၊ သက်ရှိသတ္တဝါတိုင်းအတွက် မရှိမဖြစ် လိုအပ်သော အရာဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားက ရေကုသိုလ်ဆိုသည်မှာ လူအိပ်နေသော်လည်း မအိပ်သည့်ကုသိုလ်ဖြစ်ကြောင်း၊ အမြဲတမ်းတိုးပွားနေသည့်ကုသိုလ်၊ ထာဝရကုသိုလ်မျိုးဖြစ်ကြောင်း၊ ရေကုသိုလ်၏ ပစ္စက္ခလက်ငင်းကောင်းကျိုးတွေကို စေတနာထားပြီး ဆောင်ရွက်ပါက ဆုမတောင်းဘဲကောင်းကျိုးဆယ်ပါးရရှိစေနိုင်ကြောင်းစသည်ဖြင့် မှတ်သားသိရှိရပါတယ်။

စာရေးသူအပါအဝင်ရေပေးရေးဝန်ထမ်းမိသားစုများသည် တစ်ချိန်က မန္တလေးမြို့နေလူထု၊ ကျုံးရေနှင့်လက်တွင်းရေ၊ အဝီစိတွင်းတိမ်ရေများ ကိုသာ သောက်သုံးနေခဲ့ကြရာမှ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ပြည့်စုံသည့် ရေအလွယ်တကူရနိုင်သော ပိုက်လိုင်း၊ ရေမီတာ ရေကိုရရှိအောင် ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြပြီး အချို့အရာထမ်း၊ အမှုထမ်းဝန်ထမ်းတွေလည်း စဉ်ဆက်မပြတ်ရေရှိရေးအတွက် ဆောင်ရွက်နေဆဲပဲဖြစ်ပါတယ်။ ခုချိန်မှာတော့ အငြိမ်းစားယူသူယူ၊ ရေနှင့်သန့်ရှင်းမှုဌာနတွင် ဆက်လက်တာဝန်ထမ်းဆောင်ဆဲ၊ အခြားဌာနနေရာများသို့ ပြောင်းရွှေ့အမှုထမ်းသူအခြားသင့်လျော်သည့် အလုပ်များကို မိမိတို့၏ဘဝပေးအခြေအနေအရ လူ့ဘဝမှာ ရှင်သန်နေရတာပဲဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ ရေပေးရေး ဝန်ထမ်းအားလုံးသည် လူတွေအတွက် မရှိမဖြစ်လိုအပ်သည့် အရေးကြီးအဖိုးတန်ရေကို ရရှိအောင်ဆောင်ရွက်ခဲ့ကြ ဆောင်ရွက်ဆဲပဲ မဟုတ်ပါလား။

ရေပေးရေးဝန်ထမ်းမိသားစုတွင် ရေပေးရေးစီမံကိန်းကာလတွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများ စီမံကိန်းမပြီးမီကာလအတွင်း အခြားအလုပ်အကိုင်ဌာနများသို့ ပြောင်းရွှေ့သွားကြသူများ စီမံကိန်းပြီးစီးသည့်နောက် ရေနှင့်သန့်ရှင်းမှုဌာနသို့ တာဝန်ထမ်းဆောင်ကြသူများ၊ အချို့လည်းဌာန(သို့)နေရာအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြသူများ၊ အငြိမ်းစားယူပြီးသူများ၊ ဝန်ထမ်းဘဝမှနုတ်ထွက်ပြီး အခြားဌာန၊ အခြားအလုပ်အကိုင်များသို့ ပြောင်းရွှေ့လုပ်ကိုင်ကြသူများစသည်ဖြင့် ဘဝပေးအခြေအနေအရ ကွဲပြားကြသော်လည်း အခြေခံက တော့ ရေရရှိအောင်ဆောင်ရွက်ခဲ့ကြသည့်ရေ ပေးရေးဝန်ထမ်းများပဲ ဖြစ်ပါတယ်၊ Viber Group တွင် ဝန်ထမ်းပေါင်း(၉၂)ဦးရှိသော်လည်း၊ ယခု လစဉ်တွေ့ဆုံပွဲတွင် ဝန်ထမ်း ၂၅ ဦးမှ ၄၅ ဦးထိရှိ သည်ကို တွေ့ရပါတယ်။ လစဉ်ပုံမှန်တွေ့ဆုံပွဲဖြစ်ဖို့မလွယ်ကူလှပါ။

ဝန်ထမ်းများတွေ့ဆုံပွဲကို စတင်ခဲ့သည်မှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၇)ရက်နေ့ တနင်္ဂနွေနေ့ ဖြစ်ပါတယ်၊ လ၏ပထမပတ် တနင်္ဂနွေနေ့များဖြစ်သည့် ဖေဖော်ဝါရီလ(၄)ရက်၊ မတ်လ(၃)ရက်၊ ဧပြီလ(၇)ရက်၊ မေလ(၅)ရက်၊ ဇွန်လ(၂)ရက်၊ ဇူလိုင်(၇)ရက်၊ ဩဂုတ်လ(၄)ရက်၊ စက်တင်ဘာ(၁)ရက်၊ အောက်တိုဘာလ(၆)ရက်၊ နိုဝင်ဘာလ(၃)ရက်နေ့ စသည်တို့၌ မပျက်မကွက် လစဉ်အာဟာရအလှူရှင်များဖြင့် ကျင်းပခဲ့ကြပါတယ်။ တွေ့ဆုံပွဲကို (၁၀)ပွဲအတွက် Grand မိုးဝေကျော်လက်ဖက်ရည်ဆိုင်တွင် ကျင်းပခဲ့ကြပြီး ကိုငွေးတင်၏ မွေးလ အောက်တိုဘာလ(၆)ရက်နေ့တွင် Light Cafe ဆိုင်၌ ကျင်းပခဲ့ကြပါတယ်၊ အောက်တိုဘာ(သီတင်းကျွတ်လ)တွေ့ဆုံပွဲတွင် ဝန်ထမ်းများက စုပေါင်း၍ ရေပေးရေးစီမံကိန်း၌ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူပြီးကြသည့် သက်ရှိထင်ရှားရှိကြသော ဦးမင်းစိန်(၉၆)နှစ်၊ ဦးထွန်းကြည်၊ ဒေါ်ခင်နှင်းလွင်(အဝေးရောက်)၊ ဦးခင်မောင်သိန်းတို့အား တစ်ဦးလျှင် (၃ ဒသမ ၈)သိန်းကျပ်နှင့် ပူဇော်ကန်တော့ခဲ့ကြပါတယ်၊ မြန်မာတို့၏ ဗုဒ္ဓဘာသာဓလေ့ထုံးထမ်းနှင့်အညီ ကိုယ့်ထက်အသက်ကြီးသူ၊ ဝါကြီးသူများကို လေးစားစွာဖြင့် ပူဇော်ကန်တော့ခြင်းဟာ ကောင်းမွန်သည့် ဓလေ့တစ်ခုဖြစ်ပြီး အားလုံးကျန်းမာ၊ ချမ်းသာ၍လည်း ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့အပ်ပါတယ်၊ လာရောက်ကြသည့် ဝန်ထမ်းများကို လစဉ်အာဟာရဒါနပြု လှူဒါန်းသူများမှာ ဦးတင်မောင်ဝင်း၊ ဦးသန်းမြင့်အောင်၊ ဦးအောင်မျိုးငြိမ်း၊ ဒေါ်သိန်းသိန်းအောင်၊ ဒေါ်ရွှေစင်လှဲ့ဝင်းငွေ၊ ဒေါ်သန္တာထွန်း၊ ဒေါ်သောင်းသောင်းနှင့် ဒေါ်စုစုခင်၊ ဦးငွေးတင်၊ ဒေါ်သင်း သင်းမွေး(ခ) ဒေါ်သင်းသဇင်တို့ ဖြစ်ကြပါတယ်၊ ဦးမျိုးအောင် (ဝန်ကြီးချုပ်) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျပ်(၁၀)သိန်း၊ ဦးတင်မောင်ဝင်းမှ (၅)သိန်း၊ ဒေါ်သင်းသင်းငွေးမှ (၂)သိန်းကို လှူဒါန်းပြီးဖြစ်သည့်အပြင် နောက်လများအတွက် အာဟာရအလှူရှင်များလည်းရှိနေပြီး ဖြစ်ပါတယ်၊ ၂၀၂၅ ခုနှစ် မတ်လ အထိရှိတယ်လို့ သိရပါတယ်၊ ဒေါ်သန်းသန်းဦး(၁/၂၅)၊ ငွေစာရင်းဌာန(၂/၂၅)နှင့် ကိုလှဘုန်း(၃/၂၅)တို့ အာဟာရဒါနအလှူရှင်များ ဖြစ်ကြပါတယ်။

စာရေးသူအနေဖြင့် မန္တလေးမြို့ရေပေးရေးစီမံကိန်း(၁၉၈၃-၁၉၉၂) ကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများအကြောင်းနှင့် စီမံကိန်းလုပ်ငန်းအကျဉ်းကို အမှတ်တရနှင့် မှတ်မိသလောက်တင်ပြသွားမှာဖြစ်ပါတယ်။ မေ့ကျန်ခဲ့သည်ရှိသော် ခွင့်လွှတ်နားလည်ပေးကြစေလိုပါတယ်၊ စီမံကိန်းကာလမှာ မူလက(၅)နှစ်ခန့်သာရှိခဲ့သော်လည်း၊ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် (၁၀)နှစ် နီးပါးခန့်ကြာမြင့်ခဲ့ပါတယ်၊ စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ(၁၅)သန်း၊ (OPEC) ရေနံရောင်းချသော နိုင်ငံများအဖွဲ့မှ ချေးငွေဒေါ်လာ(၇)သန်းနှင့် မြန်မာငွေကျပ်သန်း ၃၂၃ ဒသမ ၁၅ သန်းကျော်နှင့် စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ စီမံကိန်းစတင်အကောင်အထည်ဖော်စဉ်ကာလက မန္တလေးမြို့သည်(၄)မြို့နယ်သာရှိပြီး မြို့လူဦးရေ(၆)သိန်းကျော်(ယခု(၆)မြို့နယ်၊ လူဦးရေ ၁ ဒသမ ၅ သန်းကျော်)၏ ၇၅ ရာခိုင်နှုန်းကျော်ကို ပိုက်လိုင်းများဖြင့် အလွယ်တကူရေဖြန့်ဝေနိုင်အောင် ဆောင်ရွက်သော စီမံကိန်းဖြစ်ပါတယ်၊ ရေ၏ အရင်းအမြစ်မှာ ဧရာဝတီမြစ်ကမ်းဘေးညောင်ကွဲရပ်မှ (၃၅)လမ်းအတွင်းမှာရှိသည့် အနက်ပျမ်းမျှ(၄၅၀-၅၀၀)ပေ ရှိပြီး အချင်း(၁၆)လက်မရှိ စက်ရေတွင်းကြီး(၁၈)တွင်းမှ ရေကိုထုတ်ယူခြင်း ဖြစ်ပါတယ်။ စက်ရေတွင်းတစ်တွင်းစီမှ တစ်နာရီ ရေဂါလန်(၅၀၀၀၀) ထုတ်ယူနိုင်ပြီး ပိုက်လိုင်းကြီးများဖြင့် မလွန်ရေတွန်းစက်ရုံအမှတ်(၁)သို့ ပို့ကာ မလွန် ရေထွန်းစက်ရုံမှ ၄၁၀ ကီလိုဝပ် တစ်နာရီရေဂါလန်(၅)သိန်းခန့်ထွက်ရှိသည့် ရေတွန်းစက်ကြီး(၃)လုံးမှ ဖြန့်ဝေခဲ့ပါတယ်။ မလွန်ရေတွန်းစက်ရုံတွင် ရေဂါလန်(၅)သန်းဆံ့ ကွန်ကရစ်ရေလှောင်ကန်၊ မန္တလေးတောင်မြောက်ဘက် တောင်အလယ်၌ ဂါလန်(၂)သန်းဆံ့ ရေလှောင်ကန်၊ တောင်ဘက်မြို့သစ်၌ ဂါလန်(၁)သိန်းဆံ့ စင်မြင့် ရေလှောင်ကန်(၂)ကန်တို့ကိုလည်း တည်ဆောက်ခဲ့ပြီး တစ်နေ့ရေဂါလန် (၁၈)သန်းခန့် ပေးဝေနိုင်ခဲ့ပါတယ်၊ ရေမီတာလုံး ရေပေါင်း(၃၇၀၀၀)ကျော် မြေပေါ်မီးသတ်ရေငုတ်(၁၁၅)ခုနှင့် မြေပြင်ညီမီးသတ်ရေငုတ်(၅၉၄)ခုတို့လည်း တပ်ဆင်ပေးခဲ့ပါတယ်၊ မြို့နယ်(၄)မြို့နယ်အတွက် အချင်း ၄ လက်မမှ ၃ ပေအထိရှိသည့် D.I ပိုက်လိုင်း(၂၀၃) မိုင်ကိုလည်း ချထားနိုင်ခဲ့ပါတယ်။

ရေပေးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့စဉ်က တာဝန်ထမ်းဆောင်ခဲ့ကြသူများကို အမှတ်တရအနေဖြင့် မှတ်မိသလောက်တင်ပြသွားပါမယ်။ နှစ်ပေါင်း(၄၀)ကျော်ခန့်ရှိလာပြီဆိုတော့ မေ့ကျန်ခဲ့တာများလည်းရှိနိုင်ပါတယ်၊ မေ့ကျန်ခဲ့ပါကလည်း နားလည်ခွင့်လွှတ်ပေးစေလိုပါတယ်။ စီမံကိန်းမန်နေဂျာ ဦးမြသောင်း(ကွယ်လွန်)၊ ကျွမ်းကျင်မှုအတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့မှာ ဩစတြေးလျနိုင်ငံ Coffey and Partner မှဖြစ်ပြီး အဖွဲ့ခေါင်းဆောင် Mr. JohnGildea၊ Mr.Billington၊ Mr.Longmwir၊ Mr. Lehman၊ Mr.Johnson တို့ဖြစ်ကြပါတယ်၊ အထောက်အကူပြု အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့တွင် ဦးဒီအောင်(ကွယ်လွန်)၊ ဦးစိန်လှိုင်၊ ဦးတင်မောင်လေး၊ ဦးမျိုးအောင်(ယခုဝန်ကြီးချုပ်)၊ ဒေါ်ခင်မေငွေး၊ ဒေါ်မြမြမိုး၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်မာရီ၊ ဒေါ်ရီလေး၊ ဦးဝင်းမြတ်၊ ကိုသန်းလှိုင်၊ မသီသီယဉ်၊ မသင်းသင်း၊ ကိုဝင်းဖိုလ်၊ ဦးကျော်သိန်း၊ ကိုညွန့်ရွှေ(ကွယ်လွန်)၊ ဒေါ်သင်းသင်းညို(ကွယ်လွန်) ဦးဝင်းမောင်(ပုံဆွဲ)၊ စီမံဌာနတွင် ဌာနမှူး ဦးမင်းစိန်(၉၆)နှစ်၊ ဦးတင်မောင်၊ ဦးအောင်မျိုးငြိမ်း၊ ဒေါ်မမြင့်သန်း၊ ဒေါ်ဝေဝေ၊ ဒေါ်စုစုခင်၊ ဒေါ်သောင်းသောင်း၊ မချိုချိုမင်း၊ မချိုချိုဝင်း၊ ဦးညီ၊ မကြီး၊ မလေးတို့ဖြစ်ကြပါတယ်၊ လုပ်ငန်းကြီးကြပ်နှင့်သိုလှောင်ရုံဌာနတွင် ဌာနမှူး ဦးသိန်းထွန်း(ကွယ်လွန်) ဦးသိန်းဟန်၊ ဦးဟင်နရီငြိမ်း၊ ဦးခင်မောင်သိန်း၊ ဦးတင့်လွင်၊ ဦးသန်းဦး၊ ဦးခင်မောင်ထွေး၊ ဦးတင်မောင်ဝင်း၊ ဦးခင်မောင်၊ ဦးတင်တင်သန်း(ကွယ်လွန်)၊ ဦးခင်မောင်ပိုင်၊ ဦးထွန်းရင်၊ ဦးဝင်းမောင်၊ ဦးဝင်းဖိုလ်၊ ဦးဝင်းနိုင်ဦး၊ ကိုသန်းမြင့်အောင်၊ မမြင့်မြင့်ခိုင်၊ ဒေါ်ခင်ပြုံးကြည်၊ ဒေါ်ရီရီမွန်၊ ဒေါ်ခင်လေးယဉ်၊ ဒေါ်ထားထား၊ ဒေါ်တင်တင်အုန်း၊ ဒေါ်တင်တင်လှ၊ ဦးစိုးမောင်လှတို့ဖြစ်ကြပါတယ်၊ ဝယ်ယူရေးဌာနတွင် ဌာနမှူး ဦးထွန်းကြည်၊ ဦးတင်ဆွေ၊ ဦးခင်မောင်မောင်၊ ဦးဝင်းမော်၊ ဦးတင်မောင်၊ ဦးသံဒိုင်၊ ဦးတင်ကိုကို၊ ကိုခင်မောင်သင်း၊ ကိုစိုးမောင်မြင့် (ကွယ်လွန်)၊ ကိုငွေးတင်၊ ကိုကိုဦး၊ ကိုကျော်သန်း၊ ဦးသန်းစိုး၊ ဒေါ်နှင်းယု၊ ဒေါ်ဥမ္မာသိန်း၊ ဒေါ်မြင့်မြင့်ချို၊ ဒေါ်သီတာမြင့်၊ ဒေါ်တင်မမဦး၊ ဒေါ်မိုးမိုးခိုင်၊ ဒေါ်အေးအေးဝင်း၊ ငွေစာရင်းဌာနတွင် ဌာနမှူး ဒေါ်ခင်နှင်းလွင်၊ ဒေါ်အေးအေးမြတ်၊ ဒေါ်ယုမေအောင်၊ ဒေါ်ရီရီထွန်း၊ ဒေါ်သန်းသန်းဦး၊ ဒေါ်တင်စန်းရီ၊ ဒေါ်ပြုံးပြုံးဦး၊ ဒေါ်ဥမ္မာလွင်၊ ဒေါ်လွင်လွင်၊ ဒေါ်ချိုချိုခင်၊ ဒေါ်မြစန္ဒာ၊ ဦးလှမြင့်(ကွယ်လွန်)၊ ဦးနေဝင်း(ကွယ်လွန်)၊ ဦးကိုကို၊ ဦးကြည်ဝင်း၊ ဦးလှဘုန်း၊ ဦးညွန့်တင်၊ ဦးတင့်လွင်လှ၊ ဦးရဲအောင်၊ ဦးတင်မောင်ဝမ်း(ကွယ်လွန်)၊ ဦးတင်မောင်ဆင့်၊ ဒေါ်သင်းသင်းမွေး၊ မဝင်းသန်းဦး၊ မမြင့်မြင့်အေး၊ မစန္ဒာဝင်း၊ မခင်ငြိမ်းကြည်၊ မစိုးသီတာလွင်၊ မနော်ထွေးထွေး၊ မစုစုဝင်းတို့ဖြစ်ကြပါတယ်၊ ကျန်ရှိနေသူများလည်းရှိနိုင်ပါတယ်၊ နှစ်ပေါင်း(၄၀)ကျော်ခန့်က စီမံကိန်းဆိုတော့ ဖွဲ့စည်းပုံအသစ်ဖြစ်ပြီး ဌာနအသီးသီးမှဝန်ထမ်းအမျိုးသမီးများမှာ ငယ်ရွယ်တက်ကြွလန်းဆန်းပြီး အလှပန်းတွေပွင့်နေတဲ့ အချိန်ပေါ့၊ အားလုံးလှကြပါတယ်၊ အမျိုးသားဝန်ထမ်းတွေကလည်း ငယ်ရွယ်တက်ကြွပြီး လုပ်ငန်းကို မခိုမကပ်တာဝန်ထမ်းဆောင်နိုင်ကြသည့်အရွယ်တွေပေါ့၊ ခုချိန်ကြတော့လည်း အသက်(၅၀)ကျော်၊ (၆၀)ကျော်တွေဖြစ်လို့ ဇရာအရွယ်တွေရောက်လာကြပြီး အဘိုးအိုအဘွားအိုပေါက်စလေးတွေ ဖြစ်နေကြပြီဖြစ်ပါတယ်၊ စာရေးသူတို့အရွယ်ကတော့ အဘိုးကြီးအရွယ်ပေါ့ အချို့လဲကွယ်လွန်ကုန်ကြပြီး ကောင်းမွန်ရာတမလွန်ဘဝကိုရောက်နေကြမှာပါ၊ ဇရာ၊ မရဏသဘောကို လူသတ္တဝါတိုင်း မည်သူမှမကျော်လွှားနိုင်ဘူးမဟုတ်လား၊ စီမံကိန်းအကောင်အထည်ဖော်စဉ်က တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရေသန့်အင်ဂျင်နီယာအဖွဲ့က ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်၊ စီမံကိန်းအင်ဂျင်နီယာများမှာ ဦးဘရွှေ၊ ဦးဆလိုင်းမျိုးမြင့်၊ ဦးသာကတိုး၊ ဦးမောင်ကို အခြားအင်ဂျင်နီယာများမှာ ဦးခင်မောင်စန်း၊ ဦးလှမြင့်၊ ဦးသောင်းမြင့်၊ ဦးညွန့်တင်၊ ဦးကျော်မွေး၊ ဦးအောင်လွင်တို့ပဲဖြစ်ပါတယ်၊ အမှတ်တရရှိနေဆဲပါ။ **ဆက်လက်ဖော်ပြပါမည်**

# သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာကောလိပ်(မန္တလေး) ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အစိုးရနည်းပညာကောလိပ်(မန္တလေး) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါကောလိပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရနည်းပညာကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား အစိုးရနည်းပညာကောလိပ်(မန္တလေး) အဆောက်အအုံအသစ်အား ဖဲကြိုးဖြတ်၍လည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီးနောက် အဆောက်အအုံအတွင်းနှင့် စာသင်ခန်းများ၊ သင်ကြားရေးအထောက်အကူပြု လက်တွေ့ခန်းများနှင့် အလုပ်ရုံအခန်းများအား လိုက်လံကြည့်ရှုကြသည်။

၄င်းနောက် အခမ်းအနားကို စုဝေးခန်းမတွင် ဆက်လက်ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍတို့တွင်သာမက နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင်လည်း ကျောင်းသစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးမှု သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးနေပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ရည်ရွယ်၍ အစိုးရနည်းပညာကောလိပ်(မန္တလေး)ကို ကောလိပ်အဂ်ါရပ်နှင့်အညီ ကျောင်းနေရာသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ မြို့ပြလျှပ်စစ်စွမ်းအားနှင့် စက်မှုစသည့် အင်ဂျင်နီယာ ဘာသာရပ်များအား နိုင်ငံတကာအသိအမှတ်ပြုသင်ရိုးများနှင့်အညီ စနစ်တကျ ပြုစုရေးဆွဲထားပြီး ၄ နှစ် တက်ရောက်ပညာသင်ကြားပြီးပါက B-Tech ဘွဲ့ရ နည်းပညာရှင်များကို မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ကပြဖျော်ဖြေခဲ့ကြသည့်အဖွဲ့၊ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)










# မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ ဗထူးကွင်းတွင် ဆက်လက်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၁**

၂၀၂၄-၂၀၂၅ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ (က)အုပ်စုနှင့် (ခ)အုပ်စု နောက်ဆုံးပွဲစဉ်ပြိုင်ပွဲများကို မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဆက်လက်ကျင်းပရာ ညနေပွဲတွင် ပြင်ဦးလွင်ခရိုင်အသင်းနှင့် မဟာအောင်မြေခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်ဦးလွင်ခရိုင်အသင်းက ၄ဂိုး၊ ၁ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းပွဲစဉ်တို့တွင်လည်း ရမည်းသင်းခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ကျောက်ဆည်ခရိုင်အသင်းက ၂ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အောင်မြေသာစံခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ မိတ္ထီလာခရိုင်အသင်းက ၄ဂိုး၊ ၃ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ပညာရေးနှင့် အား/ကာတို့မှ တာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြ ဆရာများ၊ အားကစားသမားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြကြောင်း သိရသည်။

အုပ်စုပွဲစဉ်ပြိုင်ပွဲများအပြီးတွင် အုပ်စု(က)မှ အမရပူရခရိုင်အသင်းက ပထမ၊ ရမည်းသင်းခရိုင်အသင်းက အုပ်စုဒုတိယ၊ (ခ)အုပ်စုမှ ကျောက်ဆည်ခရိုင်အသင်းက ပထမ၊ ညောင်ဦးခရိုင်အသင်းက အုပ်စုဒုတိယနှင့် အသီးသီးရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြကြောင်းနှင့် နိုဝင်ဘာ ၂၂ရက် နံနက်ပိုင်း ပထမပွဲတွင် အမရပူရခရိုင်အသင်းနှင့် ညောင်ဦးခရိုင်အသင်း၊ ဒုတိယပွဲတွင် ကျောက်ဆည်ခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄ဝ)

# ရှမ်းယူနိုက်တက်နှင့် ရတနာပုံတို့ ကစားမည့်ပွဲစဉ်အား ပွဲကစားချိန် ပြောင်းလဲမည်

Myanmar National League 2024-2025 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-14)ပွဲစဉ် တစ်ပွဲအဖြစ် လာမည့် နိုဝင်ဘာ ၂၄ရက်၊ တောင်ကြီးကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ကစားမည်ဖြစ်ပြီး ယင်းပွဲစဉ်အား ညနေ (၃:၃၀)အစား ညနေ (၃:၀၀)သို့ ပြောင်းလဲကစားမည်ဖြစ်သည်။

တောင်ကြီးမြို့၏ ရာသီဥတုအနေအထားအရ အလင်းရောင်ကောင်းမွန်စွာ ရရှိရန်အတွက် ပွဲစဉ်အား နှစ်ဖက်အသင်း နှစ်သင်း၏ သဘောတူညီမှုနှင့်အတူ ညနေ (၃:၀၀)နာရီသို့ ရွှေ့တိုးပြောင်းလဲကစားခြင်းဖြစ်သည်။

(NGB)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။

# (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ်(ကမ္ဘာ့ကလေးများနေ့)အခမ်းအနား ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ်(ကမ္ဘာ့ကလေးများနေ့) အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏အခွင့်အရေး ၄ ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိသားစုဝင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မျက်မှောက်ခေတ်မှာ ဒစ်ဂျစ်တယ်နည်းပညာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှု၊ ကျယ်ပြန့်စွာ အသုံးပြုလာမှုတို့ကြောင့် ကောင်းကျိုးများစွာရရှိနိုင်သကဲ့သို့ ဆိုးကျိုးများလည်းရှိလာပါကြောင်း၊ ပညာရေးကဏ္ဍတွင် ကလေးငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စာပေ၊ ဂီတ၊ အနုသုခုမ၊ အားကစားပညာရပ်တွေသာမကဘဲ ကျောင်းတွင်း၊ ကျောင်းပြင် ပါဝင်ဆောင်ရွက်ခွင့်များ ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။



ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ်(ကမ္ဘာ့ကလေးများနေ့) Video Clipပြသပြီး ပရဟိတဂေဟာ နှစ်ခုရှိ ကလေးငယ်များက နိုင်ငံတကာရင်သွေးငယ်များ သီချင်းကို စုပေါင်းသီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ တောင်ကြီးမြို့ပေါ်အတွင်းရှိ မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများနှင့် ပရဟိတဂေဟာများမှ သားငယ်၊ သမီးငယ်များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၈)

* – * – * – * – *



## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ သွေးနက်ကျေးရွာအုပ်စု၊ ကြီးနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝတ်ရည်ဦးနှင့် ဝန်ထမ်းများက ကြီးနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ကြီးနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ (၆)လ ဘတ်ဂျက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၂ ဒသမ ၂၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ဦးကို ငွေကျပ် ၁၁ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၈ ဒသမ ၄သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၁သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၄သန်းအထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) နော်လူး

## သမဝါယမအသင်းစုမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**တံတားဦး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊တံတားဦးမြို့နယ် သမဝါယမအသင်းစုမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အမှတ်(၃)ရပ်ကွက် အင်းဝခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ တံတားဦးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဌေးဦးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းက သမဝါယမအသင်း၏လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကြိုးစားလုပ်ဆောင်ပေးစေလိုကြောင်း၊ စိုက်ပျိုးရာသီတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေနည်းစနစ်အတိုင်း အလေးထားစိုက်ပျိုးရန် လိုအပ်ကြောင်း၊ မိမိတို့ဌာနနှင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ဝင်ငွေတိုးပွားရေးအတွက် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ စက်ချုပ်သင်တန်း အစရှိသော သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အဖွဲ့ဝင် ဦးဝင်းမြင့်မောင်က သမဝါယမအသင်းစုချုပ်၏ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တံတားဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က သမဝါယမလုပ်ငန်းများအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ လုပ်ငန်းအစီရင်ခံစာများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းဆောင်ရွက်မှု ဘတ်ဂျက်နှင့် အမြတ်ခွဲဝေစာရင်းများကိုလည်းကောင်း၊ မြို့နယ်အသင်းစု၏ အသင်းသားစာရင်းစစ်၏ စာရင်းစစ်ဆေးချက်အကြောင်းကိုလည်းကောင်း၊ မြို့နယ်အသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များကို တာဝန်ရှိသူများက အသီးသီးဖတ်ကြားကြပြီး တက်ရောက်လာကြသည့် အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူပြီး ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းမှုများကို သဘာပတိနှင့်တာဝန်ရှိသူများက အသီးသီး ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၄၀၉)

* – * – * – * – *

## အနောက်ရွာတော်ကျေးရွာတွင် ဆောင်းနေကြာများ စိုက်ပျိုး



**ကျောက်ဆည် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆောင်းသီးနှံမျိုးစုံ စတင်စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အနောက်ရွာတော်ကျေးရွာ တောင်သူ ဦးညွန့်ပို၏ ယာမြေ ၆ ဒသမ ၂၅ ဧကတွင် ဆောင်းနေကြာများ စတင်စိုက်ပျိုးလျက်ရှိသည်။ ကျောက်ဆည်မြို့နယ် အနေဖြင့် ဆောင်းနေကြာများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် ရေဆင်းစပ်မျိုး(၁)၊ ဆင်းရွှေကြာ(၂)၊ ဆင်းရွှေကြာ(၃) နေကြာမျိုးများကို သိပ္ပံနည်းကျစနစ်ဖြင့် တစ်ဧကသတ်မှတ် အပင်ရေဝင်ဆံ့မှုရှိစေရန် မျိုးစေ့(၄)ပြည် အသုံးပြုကြောင်း၊ မစိုက်ပျိုးမီ မြေတစ်ဧကတွင် နွားချေး၊ မြေဩဇာများကို နွားလှည်း(၇)စီးခန့်နှင့် ယူရီးယား၊ တီစူပါ၊ ပိုတက်မြေဩဇာများ ထည့်သွင်းပြီး အပင်ပေါက်သေချာစေရန်အတွက် မြေအစိုဓာတ် လုံလောက်ချိန်တွင် စိုက်ပျိုးကြကြောင်း သိပ္ပံနည်းကျနေကြာစိုက်တောင်သူများထံမှ သိရသည်။

နေကြာတစ်ဧက စိုက်ပျိုးပါက မြေပြင်ခြင်း၊ မျိုးစေ့နှင့် သွင်းအားစု စုစုပေါင်း ငွေကျပ် ၄ သိန်းကျော်၊ ငွေကျပ် ၅ သိန်းခန့် ကုန်ကျစရိတ်ရှိပြီး နေကြာစိုက်တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကုန်ကျမှုသက်သာစေရန်နှင့် အချိန်တိုအတွင်း စိုက်ပျိုးပြီးစီးရေး ထွန်စက်များဖြင့် မြေပြင်ပေးခြင်းများ ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် နေကြာမျိုးများ၊ စိုက်နည်းစနစ်များ ကူညီဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၈၅)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်းပဲ ရာသီအကုန် ပဲမာလိုင်းအချို့ ပစ္စည်းပြတ်၊ တရုတ်ပို့ကုန် မြေထောက်ပဲ ဈေးမြင့်တက်လာ

ပြည်တွင်းပဲရာသီကုန်ဆုံးခါနီးဖြစ်သောကြောင့် ပဲမာလိုင်းအချို့ ပစ္စည်းပြတ်လပ်မှုများ ရှိနေပြီး တရုတ်ပို့ကုန်မြေထောက်ပဲဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပဲ၊ နှမ်းဈေးကွက်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ရန် ဝယ်ယူမှု ကောင်းလာသောကြောင့် မြေထောက်ပဲ ဈေးမြင့်တက်လာရာ တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀ ပေါက်ဈေးရှိလာရာ ယခင်သီတင်းပတ်ထက် ငွေကျပ် ၂၀၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

နိုဝင်ဘာလကုန်ပိုင်းတွင် မြေပဲဆန်ဈေးကွက်မှာ ဒေသစုံမှ ဝင်ရောက်လာမှုကြောင့် အရောင်းအဝယ်ကောင်းနေပြီး ဈေးနှုန်းအနည်းငယ်သာ ကျဆင်းမှု ရှိသော်လည်း အမြင့်ဈေးတန်းတွင် ရှိနေကြောင်း၊ နှမ်းမျိုးစုံမှာ ပို့ကုန်တင်ပို့ရန်အတွက် ဝယ်ယူမှုကောင်းသော်လည်း ဈေးအနည်းငယ် ကျဆင်းလာကြောင်း အခြားအိန္ဒိယပို့ကုန် မတ်ပဲနှင့် ပဲစင်းငုံမှာ အဝယ်ဈေးကွက်ပျောက်နေကြောင်း၊ ပြည်တွင်းပဲယင်းကို တိရစ္ဆာန်အစာစက်ရုံများက ဝယ်ယူမှု ရှိလာသောကြောင့် ဈေးကောင်းရလာကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

"မြေထောက်ပဲကို တရုတ်ဝယ်လက်များ အဝယ်ကောင်းလာတော့ ထူးထူးခြားခြား ဈေးမြင့်တက်လာပါတယ်။ အိန္ဒိယပို့ကုန်ပဲတွေကတော့ ဒီအချိန်ဆိုရင် အဝယ်အေးနေကြပါတယ်။ ၂၀၂၅ ပဲသစ်ရာသီမှ ပြန်လည်အရောင်းအဝယ်ကောင်းမွန်လာမှာပါ။ လက်ရှိမှာ ပြည်တွင်းသုံး ကုလားပဲတစ်ခုပဲ ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန် ရှိနေတာပါ။ တရုတ်ပို့ကုန်ပဲအချို့သာ တင်ပို့နိုင်ခြင်းမရှိလို့ လက်ကျန်များနေတာပါ။ မကြာမီ တရုတ်လိုင်း ပြန်လည်တင်ပို့နိုင်မယ့် အခြေအနေများကြောင့် ပဲတီစိမ်းမှာ ဈေးမြင့်တက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ၂၀၂၅ ခုနှစ် ပဲသစ်ရာသီအတွက် ပဲစင်းငုံမှာ ကုန်သည်အချို့ ကြိုတင်ဝယ်ယူမှုများ ရှိနေပါတယ်" ဟု ၄င်းက ပြောသည်။

နိုဝင်ဘာ ၂၁ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်နေရာ နိုဝင်ဘာ ၂၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ကနေဒါ စားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀-၈၅၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများ အဝယ်ကောင်းသဖြင့် နိုဝင်ဘာ ၂၁ ရက်တွင် နှမ်းမျိုးစုံ ဈေးအနည်းငယ်ကျဆင်းသွားရာ နှမ်းနက်(စမုန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၃၅၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀၀၊ နှမ်းဖြူ(ဗမာ) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ အသီးသီးပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးကျဆင်းသွားကြောင်း သိရသည်။

(အောက်ပုံ)

**ရွှေမန်း**



## ပြောင်းရာသီအစ တောင်သူများ ဈေးကောင်းရလာ

ယခုနှစ် ပြောင်းရာသီအစတွင် ပြည်တွင်းပြောင်းဈေးကွက်မှာ ယခင်နှစ်ထက် ဈေးကောင်းရရှိလာကြောင်း ပြောင်းကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် ပြောင်းကို ထိုင်းနိုင်ငံသို့ တင်ပို့မှုရပ်နားထားချိန်ဖြစ်သော်လည်း ရှမ်းပြည်နယ်ထွက် ပြောင်းများ စတင်ထွက်ရှိလာရာ တောင်ကြီးဒေသတွင် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ကျော်အထိ ဈေးကောင်းပေးဝယ်ယူမှုရှိနေကြောင်း၊ လက်ရှိတွင် ပို့ကုန်သမားများ အဝယ်အနေဖြင့် ရန်ကုန်အရောက် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ကျော်သာ ဝယ်ယူမှုရှိနေကြောင်း ပြောင်းကုန်သည်များထံမှ သိရသည်။

လက်ရှိ ရှမ်းပြည်နယ်တွင် ဒေသတွင်း ပြောင်းဝယ်ယူသည့် ကုမ္ပဏီအချို့က ရန်ကုန်အရောက်ဈေးထက် ပိုမိုသည့် ဈေးဖြင့် ဝယ်ယူမှု ရှိနေကြောင်း ပုံမှန်ဆိုလျှင် ပို့ကုန်သမားများအနေဖြင့် ငွေလဲနှုန်း သတ်မှတ်ချက်များကို တွက်ချက်ကာ အများဆုံးဝယ်ယူနိုင်သည့် လက်ရှိပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ ခန့်သာ ဝယ်ယူနိုင်ကြောင်း၊ သယ်ယူပို့ဆောင်စရိတ်များ တွက်ချက်ပါက ရှမ်းပြည်နယ်တွင် ပြောင်းပေါက်ဈေးမှာ ငွေကျပ် ၁၃၀၀-၁၄၀၀ ခန့်သာ ဝယ်ယူနိုင်မည့် အခြေအနေဖြစ်သည်။

ပြည်တွင်း တိရစ္ဆာန်အစာစက်ရုံများက ဈေးပိုပေးဝယ်ယူသော်လည်း ပမာဏများများ ဝယ်ယူနိုင်ခြင်း မရှိကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု ရပ်နားထားသော်လည်း အခြားဖိလစ်ပိုင်၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိသည်။ မကြာမီ တရုတ်နိုင်ငံသို့လည်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပြန်လည်တင်ပို့နိုင်မည့် မျှော်လင့်ချက်များဖြင့် ပြောင်းရာသီအစကတည်းက ဈေးကောင်းပေးဝယ်ယူကာ ပြောင်းစုဆောင်းမှုများ ရှိနေကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

နိုဝင်ဘာ ၂၁ ရက်တွင် မန္တလေးဈေးကွက်၌ ပြောင်း (CP)-၅၄ပိဿာတစ်အိတ်လျှင် ငွေကျပ် ၇၇၀၀၀-၇၈၀၀၀၊ အထွက်တိုးပြောင်း(နီ)-၅၃ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ပြောင်း(ဗမာ)-၅၄ ပိဿာတစ်အိတ်လျှင် ၇၆၀၀၀ ပေါက်ဈေးရှိနေပြီး ရန်ကုန်ဆိပ်ကမ်းအရောက် ပြောင်းဈေးတစ်ပိဿာလျှင် ၁၅၅၀ ကျပ် ပေါက်ဈေးရှိနေသည်။

ထိုင်းနိုင်ငံသို့ ပြောင်းဆန် တင်ပို့မှုကို မရပ်နားမီ စက်တင်ဘာလမတိုင်မီက ဩဂုတ်လအတွင်း ပြည်တွင်းပြောင်းပေါက်ဈေးမှာ ငွေကျပ် ၁၇၅၀ အထိ စံချိန်တင် ဈေးမြင့်တက်ခဲ့ပြီး ပို့ကုန်မူဝါဒအပြောင်းအလဲတွင် ပို့ကုန်ရငွေ ၂၅ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်း သတ်မှတ်ခဲ့ရာ ပို့ကုန်သမားများ အဆင်ပြေခဲ့သည်။

ပြောင်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးပြီး ဖူးစားပြောင်းများကိုလည်းဒေသအလိုက် စိုက်ပျိုးနေကြောင်း သိရသည်။ (အောက်ပုံ)

**ရွှေမန်း**





## နိုဝင်ဘာလကုန်ပိုင်းတွင် ကွမ်းရွက်အထွက်နည်းလာသောကြောင့် ဈေးမြင့်တက်လာ

ကွမ်းစိုက်တောင်သူများ အနေဖြင့် နိုဝင်ဘာလကုန်ပိုင်းတွင် နေ့အပူချိန်ကျဆင်းကာ အအေးဓာတ်ပိုလာသောကြောင့် ကွမ်းရွက်အထွက်နည်းလာကြောင်း တောင်သူများထံမှ သိရသည်။

ပြည်တွင်းကွမ်းခြံများတွင် ကွမ်းရွက်အထွက်နှုန်း ကျဆင်းလာရာ ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းနိုင်မှု နည်းပါလာသောကြောင့် နိုဝင်ဘာလကုန်ပိုင်းတွင် ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀-၁၄၀၀၀ ပေါက်ဈေးရှိလာသည်။

မန္တလေးဈေးကွက်သို့ ဝင်ရောက်လျက်ရှိသော ကွမ်းခြင်းပမာဏလည်း လျော့ကျလာကြောင်း၊ တံတားဦးမြို့နယ်၊ မုံရွာမြို့နယ်၊ ကန့်ဘလူမြို့နယ်တို့မှ ကွမ်းခြံခူးဈေးများလည်း မြင့်တက်လာကြောင်း၊ ရက်ပိုင်းအတွင်း ဆက်လက်ဈေးမြင့်တက်မည့် အခြေအနေများ ရှိနေကြောင်း၊ အဓိက ကွမ်းဈေးမြင့်တက်လာရခြင်းမှာ လမ်းပန်းဆက်သွယ်ရေးစရိတ်ကြီးမှုကြောင့်လည်း ကွမ်းဈေးကမြင့်တက်လာကြောင်း ကွမ်းကုန်သည်တစ်ဦးက ပြောသည်။

"နှစ်စဉ် ဆောင်းဝင်လာတာနဲ့ ကွမ်းဈေးက မြင့်တက်လာပါတယ်။ ကွမ်းခြံတွေက အထွက်နည်းလာတော့ ဖောက်သည်တွေကို လောက်ငအောင် မျှပေးနေရတယ်။ ပုံမှန် တစ်ပတ်ကို အချိန်တစ်ဆယ်ထွက်တဲ့ ကွမ်းခြံက တစ်ဝက်နီးပါးလျော့ကျလာပါတယ်။ သယ်ယူပို့ဆောင်ရေးစရိတ်တွေကလည်း ဈေးမြင့်လာတော့ မန္တလေးဈေးကွက်မှာ ဈေးမြင့်လာတာပါ။ လက်ရှိမှာ အထွက်နှုန်းလျော့တော့ ခြံခူးဈေးလည်း မြင့်တက်လာပါတယ်" ဟု ၄င်းက ပြောသည်။

ကွမ်းဈေးကွက်တွင် ကွမ်းရွက်အပြင် အခြားကွမ်းသီး၊ ဗမာဆေး၊ ထုံးဈေးများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



သည် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြု ဗဟိုဌာန(Community Centre) ခန်းမ၌ ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဆွေးနွေးဟောပြောပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးစာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**




# ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀နာရီခွဲက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းရီက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ဘက်စုံထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များပေါ်ထွက်လာစေရန်၊ ထိုမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းကျိုးများ စွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလူရည်ချွန်များ ထွက်ပေါ်လာစေရန်ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်မြင့်မြင့်သွယ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-11 ကျောင်းသား မောင်အာကာဖြိုးက လူငယ်နှင့်စီးပွားရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊Grade-11 ကျောင်းသူ မဆုစန္ဒီဇော်က လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသူ မဇာခြည်ဦးက လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ပြည့်စုံက လူငယ်နှင့်သိပ္ပံနည်းပညာခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မပြည့်မှူးအိမ်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသူကလည်း မေးမြန်းသည့် အချက်များကို ပိုမိုပြည့်စုံရန် ပြန်လည်ဖြည့်စွက်ဖြေကြားဆွေးနွေးပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

၀-၀-၀-၀-၀-၀

# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ အမှတ်(၃၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် အသင်းအလုပ်အမှုဆောင် ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကို လည်းကောင်း၊ အသင်းအတွင်းရေးမှူးဦးမြင့်သန်း၊ အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးတို့က မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များကို အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအလုပ်အမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်ဆိုင်ရာ မေးခွန်းများ မေးမြန်းကာ ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲစေရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြကြောင်း သိရသည်။

(၀၇၀)

၀-၀-၀-၀-၀-၀-၀

## တင့်တယ်လှသည့် တို့စာပေ

* ရတုကဗျာ
ပျို့လင်္ကာနှင့်
မြန်မာစာပေ
ဘိုးဘွားမွေတည့် ။
* အဲ၊ အိုင်၊ ချေင်း
တေးသီချင်းနှင့်
တျာချင်းဖြာဖြာ
နားချိုသာသည့်
ကဗျာစာသွား
ရေးစာများကို
မှတ်သားလိုက်နာ
လေးစားရာတည့် ။
* ဂန္ထဝင်စာသား
လင်္ကာများကို
ရေးသားဖွဲ့ဆို
လူပုဂ္ဂိုလ်နှင့်
စာဆိုရဟန်း
ရေးသည့်ကျမ်းတို့
အဆန်းတကြယ်
ဂုဏ်ရိပ်ကြွယ်သည်
တင့်တယ်လှသည့် တို့စာပေ
ဝင့်ထည်လှသည့် မြန်မာ့အမွေ ။ ။

(မြန်မာနိုင်ငံ စာဆိုတော်နေ့ကို ဂုဏ်ပြုပါသည်။)

သျှင်သစ္စာ



# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ကီလို ၁၅၀ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းသုံးတန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ





ပြစ်မှုကျူးလွန်သူများကို ကလေးမြို့ တာဟန်းရပ်ကွက်တွင် သိမ်းဆည်းရမိသည့် ကဖင်းနှင့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် မူးယစ်မှောင်ခို ဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ကီလို ၁၅၀ ကျော်၊ စိတ်ကြွရူးသွပ် ဆေးပြား ငါးသန်းကျော်၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၁၂ ကီလို နှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း သုံးတန်တို့နှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့နယ် ကျီကုန်းကျေးရွာလမ်းဆုံ တွင် ကလေးဝမှ ကလေးသို့ စိန်လွင် မောင်းနှင်ပြီး ချစ်စန်းကို လိုက်ပါလာသည့် Fuso ၁၂ ဘီး ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ကုန်ပစ္စည်းများဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် ဘိန်းဖြူ ၅၀ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ် ဆေးဝါးများ တင်ပို့ရောင်းချခဲ့ကြ သည့် မြင့်နိုင်ဦး(ခ) မောင်စိုးနှင့် ဇော်ဝင်းထွန်း (ခ)နိုင်ဝင်းထွန်း(ခ) နားကားတို့အား မန္တလေးတိုင်း ဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတိုးရပ်ကွက်ရှိ နေအိမ်တွင် လည်းကောင်း၊ ဘရန်မွန်း(ခ) ဇော်တန်အား မဟာအောင်မြေ မြို့နယ် မဟာမြိုင်(၁)ရပ်ကွက် တွင်လည်းကောင်း၊ ရန်နိုင်အား မဟာအောင်မြေမြို့နယ် စကြာ နွယ်စဉ်ရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ မူးယစ်ဆေးဝါးများကို ကလေး မြို့တွင် လက်ခံသိုလှောင်၍ မြန်မာ-အိန္ဒိယ နယ်စပ်သို့ တင်ပို့ ရောင်းချသူများ ဖြစ်ကြသည့် လားထန်ပွိုးယာအား ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၀) တွင် တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းခဲ့သည့် ထိန်းချုပ်ဓာတု ပစ္စည်း ကဖင်း သုံးတန်နှင့် လည်းကောင်း၊ သောက်နယ်လွှယ် (ခ)ပုသောက်ကို ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၃) ရှိ နေအိမ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၁၂ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၄၃ ကီလိုနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ခဲ့သည့် ဝင်းဌေးအောင်အား ပြည်ကြီး တံခွန်မြို့နယ် သင်ပန်းကုန်း ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့၍ ၎င်းတင်ပို့ခဲ့သည့် မူးယစ်ဆေးဝါး များကို လက်ခံသိုလှောင်ထား သည့် လှမိုး(ခ)ဆန်းလွင် အား ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိ ကုန်စည် ပို့ဆောင်ရေးဂိတ်တွင် ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော် ထုတ်ချက်အရ မူးယစ်ဆေးဝါး များကို မန္တလေးမြို့တွင်တစ်ဆင့် ပြန်လည်ရောင်းချသူမှာ ရော်ကျိန် ရန်(ခ) အားဟွိုက်ဖြစ်ပြီး မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ရာတွင် ငွေကြေး လွှဲပြောင်း လက်ခံဆောင်ရွက် ပေးသူမှာ ၎င်း၏ဇနီး မအားမိန် ဖြစ်ကြောင်း သိရှိရသဖြင့် ချမ်းမြ သာစည်မြို့နယ် အောင်သာယာ ရပ်ကွက်ရှိနေအိမ်တွင် ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ ရှမ်း ပြည်နယ်(တောင်ပိုင်း) ကျေးသီး မြို့နယ်နေ စိုးဝင်း၏ အစီအမံဖြင့် မူးယစ်ဆေးဝါးများ မန္တလေးတွင် လက်ခံ သိုလှောင်ဖြန့်ဖြူးပို့ဆောင် ပေးသူ ရဲဇော်အောင် (ခ)အားဖ အား ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ နေအိမ်၌ ဘိန်းဖြူ ၈၉ ဒသမ ၈ ကီလိုနှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ဒသမ ၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ် (မက်သ် အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း သုံးတန်တို့ကို သိမ်းဆည်းရမိခဲ့ ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက် များအရ သိမ်းဆည်းရမိ မူးယစ် ဆေးဝါးများကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မန္တလေးမြို့သို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ကလေးမြို့တွင် သိုလှောင်၍ မြန်မာ-အိန္ဒိယ နယ်စပ်တွင် တစ်ဖက်နိုင်ငံမှ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများနှင့် ချိတ်ဆက်သယ်ဆောင် ရောင်းဝယ် ခဲ့ကြောင်းနှင့် အလားတူ ထိန်းချုပ် ဓာတုပစ္စည်းများ တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းခဲ့ကြသည့် မူးယစ်မှောင်ခိုဂိုဏ်း အဖွဲ့ဝင် ၂၁ ဦးအား ဖော်ထုတ်နိုင်ခဲ့၍ ဥပဒေ အရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်း တို့မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှု များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူတစ်ဦးကို ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူများကို ကလေးမြို့ ကျီကုန်းကျေးရွာ လမ်းဆုံ၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




ပြစ်မှုကျူးလွန်သူတစ်ဦးကို ချမ်းမြသာစည်မြို့နယ် ကန်သာယာ ရပ်ကွက်တွင် ဘောက်မော်တော်ယာဉ်နှင့် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မော်လမြိုင်ကျွန်း၊ အောင်လံမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် တို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လူငယ် ၂၀ နီးပါးကို ဖမ်းဆီး ခေါ်ဆောင်သွားသည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ လျက်ရှိကြောင်း တွေ့ရှိရသည်။

အလားတူမန္တလေးတိုင်းဒေသကြီးကျောက်ဆည် မြို့ပေါ်တွင် နိုဝင်ဘာ ၂၀ ရက်က ပြည်သူ့စစ်မှုထမ်း ဆောင်ရန်အတွက် လူငယ်အမျိုးသား အမျိုးသမီး ၇၀ ခန့်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ များက မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ ကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက် အရ အဆိုပါမြို့နယ်များအတွင်း တရားဥပဒေစိုးမိုး ရေးလုပ်ငန်းများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဒေသခံ ပြည်သူ များအား မည်သည့်အကြောင်းနှင့်မျှ ဥပဒေ မဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှု ထမ်းသင်တန်းများသို့ တက်ရောက်ရန်အတွက် မိမိ ဆန္ဒအလျောက်လာရောက်ဆန္ဒပြုသူများ အများ အပြားရှိပြီး လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၆)အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက် ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန် ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူ့စစ်မှု ထမ်းဆောင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်းများကို ခေါ်ဆောင်ခြင်းမရှိသေးကြောင်း၊ လူငယ်များ၊ လမ်းသွားလမ်းလာများကိုလည်း ပေါ်တာဆွဲဖမ်းဆီး ခြင်းများမရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါသတင်းများသည် ပြည်သူများစိုးရိမ် ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှား ရောက်စေရန်ရည်ရွယ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ဝါဒဖြန့် ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၂၇)နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း

လူသားတိုင်းတွင် ကိုယ်နှင့်စိတ်ဟု နှစ်မျိုးရှိရာ ကိုယ်ခန္ဓာအတွက် အာဟာရဖြည့်တင်းရသကဲ့သို့ စိတ်အတွက်လည်း အာဟာရဖြည့်တင်းရပါတယ်။

စိတ်အတွက် နံနက်ခင်းအာဟာရက သတင်းစာပဲ ဖြစ်ပါတယ်။ နံနက်ခင်းမိုးသောက်တာနဲ့ ထူးခြားတဲ့ သတင်းများကို သိလိုကြတယ်။ မိမိနိုင်ငံရဲ့ စီးပွားရေးပညာရေးနိုင်ငံရဲ့တည်ဆောက်ရေးအရပ်ရပ်ကို သတင်းစာများက သိခွင့်ရရှိခဲ့ပါတယ်။ ယခုအခါ မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေဖြန့်ချိခဲ့တာ နိုဝင်ဘာ ၃၀ ရက်ဆိုရင် (၂၇) နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ မန္တလေးနေ့စဉ်သတင်းစာမှာဆိုရင် နိုင်ငံတော်အဆင့်သတင်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ သတင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများရဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ဖွံ့ဖြိုးတိုးတက်မှုသတင်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ပြည်သူများထံသို့ သိသင့်သိထိုက်တဲ့သတင်းများ၊ တိုင်းဒေသကြီးနှင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့တော်စည်ပင်၏ ဆောင်ရွက်မှုသတင်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ အများပြည်သူအတွက် အသိပေးကြေညာချက်များ ပါဝင်ထုတ်ဝေလျက်ရှိပါတယ်။ မန္တလေးနေ့စဉ်သတင်းစာ ၁၉၉၇ ခု၊ နိုဝင်ဘာ ၃၀ရက်၊တနင်္ဂနွေနေ့ အတွဲ(၁)၊ အမှတ်(၁) စာမျက်နှာ ၁၂ မျက်နှာထုတ်ဝေခဲ့မှုနဲ့ အဲဒီနေ့ သတင်းစာမှာ ပါဝင်ခဲ့တဲ့ စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာ၊ ကဗျာဆရာ၊ သတင်းထောက်များရဲ့ ကြိုးစားအားထုတ်မှုကို မှတ်တမ်းတင်ချင်တာဖြစ်တဲ့အတွက် ယခုဆောင်းပါးကနေ ဖော်ပြပေးမှာဖြစ်ပါတယ်။ မန္တလေးနေ့စဉ်သတင်းစာမှာတော့မျက်နှာဖုံးက နိုင်ငံရေးဦးတည်ချက် (၄) ရပ်၊ စီးပွားရေးဦးတည်ချက် (၄) ရပ်၊ လူမှုရေးဦးတည်ချက် (၄) ရပ်တို့ကို သတင်းစာရဲ့ညာဘက်ထောင့်မှာ ဖော်ပြခဲ့ပါတယ်။

မျက်နှာဖုံးသတင်းအနေနဲ့ ခေါင်းစဉ်များကတော့ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအဓိကအရေးပါ၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် မြင်းခြံမြို့ စက်မှုဇုန်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးသတင်း၊ နောက်တစ်ပုဒ်ကတော့ စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာဖွင့်ပွဲကျင်းပရာ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်မှူးချုပ် လှန်းမောင် တက်ရောက်အားပေးချီးမြှင့်သတင်း၊ ဆက်လက်ပြီးတော့ မျက်နှာဖုံးမှာပဲ ၁၃၅၉ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၃၀ရက် စာဆိုတော်နေ့ ဂုဏ်ပြုသော မြန်မာမှု ပန်းချီကားတစ်ချပ်ကိုတွေ့ရစဉ်နဲ့ စာဆိုတော်နေ့ကို ဂုဏ်ပြုကြိုဆိုပါ၏ဖြင့် သတင်းစာမျက်နှာဖုံးကို အလှဆင်ထားပါတယ်။

မန္တလေးနေ့စဉ်သတင်းစာတိုက်ဖွင့်ပွဲအခမ်းအနားမှာ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လှန်းမောင် တက်ရောက်အမှာစကားပြောကြားချက်ကို သတင်းစာမှာ သမိုင်းမှတ်တိုင်တင်ဖို့ ဖော်ပြလိုပါတယ်။ ပြောကြားချက်ကတော့ "ယနေ့ မန္တလေးမြို့မှာ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီက ထုတ်ဝေဖြန့်ချိမည့် မန္တလေးနေ့စဉ်သတင်းစာတိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခွင့်ရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယင်း ဦးတည်ချက်အားလုံး အကောင်အထည်ဖော်သည့်နေရာတွင် အကျိုးဝင်သည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ၄င်းမှာ သတင်းစာများပဲဖြစ်ကြောင်း၊ သတင်းစာသည် ဆက်သွယ်ရေးပစ္စည်းအမျိုးမျိုးရှိသည့်အနက်မှ အဓိကအကျဆုံးဖြစ်ကြောင်း၊ သတင်းစာကို ကလေး၊ လူကြီး မရွေး၊ ကျား၊ မမရွေး၊ အဆင့်အတန်းမရွေး ဖတ်ရှုကြကြောင်း၊ သတင်းစာသည် နိုင်ငံတစ်နိုင်ငံအတွင်း ပြည်သူလူထုအနှံ့အပြားသို့ အလျှင်အမြန် ပြန့်ပွားစေနိုင်သော ပစ္စည်းတစ်မျိုးလည်း ဖြစ် ကြောင်း။

မိမိတို့နိုင်ငံမှာ နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့အတွက် တာဝန်ရှိသူများက ဖိဖိစီးစီးဆောင်ရွက်လျက်ရှိနေသည်ကို ပြည်သူလူထုအားလုံးသိရှိပြီး လိုက်နာလက်ခံကူညီကြဖို့အတွက် ဖိအားပေးရမည့် တာဝန်သည် သတင်းစာတွေပဲဖြစ်ကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးအတွက် နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေရာမှာ ပြည်သူများနားလည်မှုရှိစွာ ပူးပေါင်းပါဝင်ကြဖို့အတွက် လှုံ့ဆော်ပေးရမည့် တာဝန်မှာလည်း သတင်းစာများမှာ တွေ့ရမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ စီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသော ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး ဦးတည်ချက်အရ တိုးတက်ပြောင်းလဲနေသော စီးပွားရေးစနစ်၊ လူနေမှုစနစ်တွေကို ပြည်သူလူထုလက်ခံသဘောပေါက်လာနိုင်စေရန်လည်း သတင်းစာက တာဝန်ယူရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပက အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ရဲ့လက်မှာရှိကြောင်း၊ ယင်းဦးတည်ချက်များ နက်နက်နဲနဲ အကောက်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ရှင်းလင်းတင်ပြပေးနိုင်မည့် သတင်းစာသည် နိုင်ငံတော်အစိုးရနှင့်ပြည်သူလူထုအကြား ပေါင်းကူးတံတားဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုတစ်ဦးချင်းတစ်ယောက်ချင်းထံ လိုက်လံရှင်းလင်းတင်ပြရန်မလွယ်ကူကြောင်း၊ ထို့ကြောင့် သတင်းစာသည် နိုင်ငံတိုင်းတွင်ရှိသင့်ရှိထိုက်သော ဆက်သွယ်ရေး ကိရိယာဆိုသည်ကို အားလုံးနားလည်ထားကြပြီးဖြစ်ကြောင်း၊ ထို့အပြင် သတင်းစာသည် သမိုင်းကို မှတ်တမ်းတင်နိုင်သော ကမ္ပည်းမှတ်တိုင်များဖြစ်ကြောင်း၊ သတင်းစာမှာပါရှိသော နိုင်ငံတစ်နိုင်ငံ၏ အကြောင်းအရာများသည် ယနေ့သတင်းဖြစ်သော်လည်း နောင်တစ်ချိန်မှာ သမိုင်းမှတ်တမ်းတွေဖြစ်လာမှာဖြစ်ကြောင်း" စသည်ဖြင့် ပြောကြားသည်။



ထို့နောက်မန္တလေးမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီး စိန်ဝင်းအောင်က မန္တလေးနေ့စဉ်သတင်းစာတိုက် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ရှေးဟောင်းသတင်းစာများကို အလှူရှင် အမျိုးသားစာပေဆုရ ဒေါ်တင်မမခိုင်(မန်းတက္ကသိုလ်)က ပေးအပ်ရာ မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး ဦးဖေခင်က လက်ခံသည်။ ဆက်လက်၍ မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်သန်းက အမှတ်တရဂုဏ်ပြု နာရီတစ်လုံး ပေးအပ်သည်။

ထို့နောက် ဝန်ကြီး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့တော်ခန်းမဘေး မြေညီထပ်ရုံးခန်းအတွင်း၌ ဖွင့်လှစ်ထားရှိသော သတင်းစာထုတ်လုပ်သည့် ကွန်ပျူတာဌာန၊ အယ်ဒီတာဌာန၊ ပုံနှိပ်စက်ဌာနလုပ်ငန်းခွင်ရှိရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ မျက်နှာဖုံးသတင်းများကို ရေးသားပေးတဲ့ သတင်းထောက်များနဲ့ သတင်းစာလိုဂိုမျက်နှာဖုံးကို ဖန်တီးပုံဖော်ပေးတဲ့ ဆရာသမားများကို ကျွန်တော်ဂါရဝပြုပါတယ်။ ထပ်မံပြီးတော့ သတင်းစာကျောဘက် စာမျက်နှာ ၁၂ သတင်းများ အနေနဲ့ ပြောင်းလဲလာသည့် အခြေအနေ လမ်းညွှန်မှုများဖြင့် လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်၊ စည်ပင်သာယာရေးလုပ်ငန်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍတစ်ခုမှ ပါဝင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး မန္တလေးမြို့စည်ပင်သာယာ လေးလပတ်စည်းဝေးပွဲ၌ မှာကြား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နောက်တစ်ပုဒ်ကတော့ စည်ပင်သာယာရေးကော်မတီက ကိုယ့်အားကိုယ်ကိုး လမ်းသစ်များအားကူညီ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ် လှန်းမောင် လမ်းသစ်ဖွင့်သတင်းတွင် လှန်ခဲ့တဲ့ ၂၇ နှစ်က ဖွင့်တဲ့လမ်းသစ်ကို တင်ပြလိုပါတယ်။

မန္တလေးမြို့စည်ပင်သာယာရေးကော်မတီမှ ပံ့ပိုးကူညီသည့် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ ၆၄လမ်း၊၂၂လမ်းနှင့်၂၆လမ်းကြား လမ်းဖွင့်ပွဲ အခမ်းအနားပဲ ဖြစ်ပါတယ်။ ထူးခြားတဲ့ နောက်သတင်းတစ်ပုဒ်ကတော့ မြန်မာနိုင်ငံပြီ ဆိုတဲ့ ခေါင်းတပ်ထားတဲ့သတင်းပဲဖြစ်ပါတယ်။ သတင်းအနေနဲ့ကတော့ ဗီယက်နမ်နိုင်ငံ ဒေါင်သက်မြို့တွင် ယနေ့ ဒေသစံတော်ချိန် ၁ နာရီ ၄၅ မိနစ်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကလပ်အသင်းနှင့် ဗီယက်နမ်နိုင်ငံ ဒေါင်သက်ကလပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနကလပ်အသင်းက ဒေါင်သက်ကလပ်ဘောလုံးအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ အစရှိသည့် သတင်းများဖြင့် မန္တလေးနေ့စဉ်သတင်းစာကို ဝေဝေဆာဆာထုတ်ဝေခဲ့ပါတယ်။ မန္တလေးနေ့စဉ်သတင်းစာ အတွဲ (၁)၊ အမှတ် (၁)ရဲ့ စာမျက်နှာ ၂ က နိုင်ငံတကာသတင်းများ ဖြစ်ပါတယ်။ အဲဒီနေ့ နိုင်ငံတကာသတင်း ရှစ်ပုဒ်ပါ ရှိပါတယ်။ ထူးခြားတဲ့ နိုင်ငံတကာ သတင်းအချို့ရဲ့ ခေါင်းစဉ်တွေကို ဖော်ပြပေးလိုပါတယ်။ တောင်ကိုရီးယားအစိုးရ ငွေကြေးအကျပ်အတည်းဖြေရှင်းရန် ဒေါ်လာဘီလီယံ ၇၀ ထက်မနည်း လိုအပ်လိမ့်မည်။ နောက်တစ်ပုဒ်က စင်ကာပူဝန်ကြီးချုပ် ထိုင်ဝမ်ရောက်၊ နောက်တစ်ပုဒ်က တရုတ်နိုင်ငံလုပ်လေယာဉ်များ သရုပ်ပြပျံသန်း၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ဂျပန်လုပ်ငန်းရှင်တစ်ဦး ထွက်ဆို အစရှိသည့် နိုင်ငံတကာသတင်းများ ဖော်ပြပါရှိပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

**အောင်မင်းဦး(မန္တလေးနေ့စဉ်)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Jung Yumi ကို Love On A Single Log Bridge တွင် အားကစားဆရာမအဖြစ် မြင်တွေ့ရ

တီဗီအက်အန်၏ ၂၀၂၄ခုနှစ် ဒရမ်မာဇာတ်ကား Love On A Single Log Bridge တွင် အဓိက နေရာမှ မင်းသားဂျူဂျီဟွန်းနှင့် မင်းသမီးဂျောင်ယွန်မီက စည်းကမ်းတင်းကြပ်သော အားကစားဆရာမအဖြစ် အဓိကပါဝင်ထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


ပြိုင်ဖက်နှစ်ဦး ၁၈နှစ်အတွင်း ပထမဦးဆုံးအကြိမ် ပြန်လည်တွေ့ဆုံကြကာ ပေါ်ပေါက်လာသည့် အချစ်ဇာတ်လမ်းတွင် Dok Mok High School မှ ကျောင်းအုပ်အသစ်နှင့် ထိုကျောင်း၏ စည်းကမ်းတင်းကြပ်သည့် အားကစားဆရာမတို့ဇာတ်လမ်းဖြစ်သည်။

ဒါရိုက်တာ ပတ်ဂျောင်ဟွာ၊ ဇာတ်ညွှန်းအမ်ရီဂျီတို့က ရိုက်ကူးထားရာ နာမည်ကျော်ဒါရိုက်တာနှင့် ဇာတ်ညွှန်းဆရာတို့ဖြစ်၍ ပရိသတ်စိတ်ဝင်စားစွာ စောင့်မျှော်နေကြသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ SKY

## Andreus Garfield က အချစ်ရေးကို လျှို့ဝှက်ထား

စပိုက်တာမန်းသရုပ်ဆောင် အင်ဒရူးဂါဖီလ်သည် ၄င်း၏လူမှုရေးကိစ္စအဝဝကို အများသိအောင် ချပြလေ့မရှိဘဲ သီးသန့်နေတတ်သူဖြစ်ကာ အချစ်ရေးသတင်းကိုလည်း လျှို့ဝှက်ထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အင်ဒရူးဂါဖီလ်သည် The Amazing Spider-Man နှင့် Hacksaw Ridge တို့နှင့် နာမည်ကျော်ဖြစ်လာခဲ့ပြီး Spiritual Reader တစ်ဦးဖြစ်သူ ကိတ်တွန်စ်နှင့်တွဲနေကြောင်း သတင်းထွက်ရှိလာသည်။



ချစ်သူကိတ်တွန်စ်က လွန်ခဲ့သည့်ရက်က သူ၏အင်စတာဂရမ်တွင် အင်ဒရူးဂါဖီလ်နှင့် လမ်းခွဲသတင်းတင်ထားပြီး မတ်လမှစတင်ကာ အောက်တိုဘာလတွင် အဆုံးသတ်ခဲ့ကြောင်း အတည်ပြုထားသည်။ SKY

## Singham 3 ကို ဘောလိဝုဒ် ပေါကားအဖြစ် သတ်မှတ်ခံရ

ဘောလိဝုဒ်အနုပညာရှင်များစွာ ပါဝင်ထားသည့် Singham 3 နှင့် Bhool Bhulaiyaa 3 ကို ပရိသတ်များက ပေါကားအဖြစ် သတ်မှတ်ခံကြသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မင်းသားအဂျေး၊ ဒီပီကာဒူပါဝမ်၊ တိုက်ဂါးရှော့၊ အာဂျွန်ကပူးလ်တို့ပါဝင်ထားသည့် Singham 3 နှင့် ကာသိက်မာဒူရီး၊ ဗီဒ်ရားနှင့် ထရီပသီတို့၏ Bhool Bhulaiyaa တို့မှာ အောင်မြင်မှုအနည်းငယ်နှင့် ပေါကားအဖြစ်သတ်မှတ်ခံရသည်။

ဘောလိဝုဒ်အနုပညာရှင်များစွာ ပါဝင်ထားသော်လည်း ဇာတ်အိမ်ခိုင်မာမှုမရှိဘဲ ပေါတောတော သရုပ်ဆောင်ချက်များကြောင့် ပရိသတ်အကြိုက်မတွေ့ဖြစ်ခဲ့ကြရာမှ အိန္ဒိယတောင်ပိုင်းတီလ်လဂူဇာတ်ကားများစွာနှင့်ယှဉ်၍ ဘောလိဝုဒ်ပေါကားများကို ပရိသတ် ငြင်းပယ်နေကြသည်။ SKY




## Honey Lee နိုင်ငံကိုယ်စားပြု အလှမယ်ဘဝမှ သရုပ်ဆောင်ဖြစ်လာ

နိုင်ငံကိုယ်စားပြုအလှမယ်ဘဝမှ သရုပ်ဆောင်အနုပညာရှင်အဖြစ်ဝင်ရောက်လာကြသူများတွင် ဟန်နီလီလည်းပါဝင်ပြီး အောင်မြင်မှုများစွာ သိမ်းပိုက်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟန်နီလီ(ခေါ်)လီဟာနီသည် မစ္စယူနီဗာစ့်ပြိုင်ပွဲတွင် အဆင့် ၃၅ရရှိခဲ့ပြီးနောက် တစ်နှစ်အကြာမှစ၍ ပြဇာတ်နှင့်စတင်ကာ ရုပ်ရှင်ပရောဂျက်များတွင် ပါဝင်ခဲ့ပြီး Come Back Alive, The Fiery Priest နှင့် Alienold တို့တွင်ပါဝင်ထားသည်။

လီဒါပဟဲမှာလည်း (၇၁)ကြိမ်မြောက် Miss Chunhyang Pageant တွင် အနိုင်ရခဲ့ပြီး အနုပညာလောကဝင်ခဲ့ကာ ဘိတ်ဆန်းအနုပညာဆုထိရရှိထားကာ ကင်ဆောင်ရမ်းမှာ မစ္စကိုရီးယား၊ မစ္စယူနီဗာစ့်တို့နှင့် အရှေ့တောင်အာရှတွင် လူသိများခဲ့သည်။

ကင်ဆာရမ်မှာ မစ္စယူနီဗာစ့်တွင်သာမက အနုပညာတွင်ပါ အောင်မြင်မှုရရှိထားကာ၊ လီဘိုယောင်းမှာလည်း ၂၀၀၀ပြည့်နှစ် မစ္စကိုရီးယားမှ မော်ဒယ်လ်ဘဝ ကူးပြောင်းပြီးမှ သရုပ်ဆောင်ဖြစ်လာကာ ထူးချွန်ဆုများစွာသိမ်းပိုက်ထားသည်။ SKY



## ငယ်စဉ်က အထိုင်များခဲ့သူများ အရွယ်ရောက်လာလျှင် သွေးတိုးရောဂါခံစားရမည်ဟု လေ့လာတွေ့ရှိ



ငယ်စဉ်က အထိုင်များခဲ့သူများအရွယ်ရောက်လာလျှင် သွေးတိုးရောဂါခံစားရမည်ဟု ဗြိတိန်နှင့် ဖင်လန်နှစ်နိုင်ငံမှ ဆေးသိပ္ပံသုတေသီများ မကြာသေးမီက တွေ့ရှိခဲ့သည်။

ဗြိတိန်အခြေစိုက် ဘရစ္စတောတက္ကသိုလ်နှင့် ဖင်လန်အခြေစိုက် အရှေ့ပိုင်းတက္ကသိုလ်မှ သုတေသီများသည် ကလေးပေါင်း ၂၅၁၃ဦးတို့ကို နှစ်ရှည်စောင့်ကြည့်လေ့လာခဲ့ရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုသုတေသီများသည် ကလေးများကို ၁၁နှစ်အရွယ်တွင် ၄င်းတို့၏ နေ့စဉ်ကျန်းမာရေးဘဝကို မှတ်တမ်းတင်ခဲ့ပြီး ၂၄နှစ်အရွယ်ရောက်လာသည်အထိ စောင့်ကြည့် လေ့လာခဲ့ခြင်းဖြစ်သည်ဟု ဖင်လန်အရှေ့ပိုင်းတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ အန်ဒရူးအက်ဘာဂျေးက ရှင်းလင်းပြောကြားသည်။

ကလေးများအနေဖြင့် ပုံမှန်ပြေးလွှားဆော့ကစားခြင်းမရှိဘဲ တစ်နေ့လျှင် ၆နာရီကြာသည်အထိ ထိုင်နေပါက အထိုင်များသည်ဟု ဆိုနိုင်ကြောင်း ၄င်းကရှင်းပြသည်။ SCI



## Sugar@ Agust D က ၂၀၂၄ခုနှစ် Global Digital အနုပညာရှင်စာရင်းဝင်ဖြစ်

ကမ္ဘာ့ဒီဂျစ်တယ်ဂီတတွင် ကမ္ဘာကျော်များ Global Digital Artist စာရင်းကို ထုတ်ပြန်ထားရာ ၂၀၂၄ခုနှစ်အတွက် ထိပ်ဆုံးဆယ်ဦးစာရင်းတွင် ဘီတီအက်စ်အဖွဲ့ဝင်ဆူဂါ(ခေါ်)Agust D နှင့် ဂျီမင်တို့ စာရင်းဝင်ဖြစ်ခဲ့ကြသည်။

အဆိုပါထုတ်ပြန်ချက်အရ စာရင်းဝင်ထိပ်ဆုံးငါးဦးတွင် ဆာဘရီနာကာပန်တာ၊ တေလာဆွစ်၊ ဘီလီအင်ဂလိပ်ရှ်၊ ထရီဗစ်စကော့နှင့် August D New (ခေါ်) ဆူဂါ တို့ စာရင်းဝင်ခဲ့သည်။


နံပါတ်ခြောက်နေရာမှ တစ်ဆယ်နေရာတွင် ပိုစ့်မာလွန်၊ ကိုပလေး၊ ကာရိဂျီ၊ ဂျီမင်နှင့် လေဒီဂါဂါတို့ စာရင်းဝင်ခဲ့ကြသည်ကို မြင်တွေ့ကြရသည်။

ဆူဂါ (ခေါ်)မင်ယောင်ဂီးသည် သူ၏မွေးရပ်မြေဒယ်ဂူကိုယ်စားပြု Agust D နှင့် ဂီတဖန်တီးထားခြင်းဖြစ်ပြီး လက်ရှိအမှုရင်ဆိုင်နေခြင်းမှ လွတ်မြောက်ခဲ့ကာ ပီအက်စ်ဝိုင်၊ ကိုပလေးစသည့် ကမ္ဘာကျော်အနုပညာရှင်များနှင့် ပြည်တွင်းအနုပညာရှင်ပရိသတ်များအပြင် ဘရာဇီးနိုင်ငံမှ အကြီးဆုံးအားကစားကွင်းတွင်လည်း ခရမ်းရောင်မီးများ ထွန်းညှိ၍ ဆူဂါကို အားပေးပံ့ပိုးထားကြသည်။ SKY

## Shah Rukh Khan သားကြီး AranKhan အနုပညာအဓိကနှင့် ဘွဲ့ရ

ဘောလိဝုဒ်ဘုရင်အဖြစ် ကျော်ကြားသော ရှာရွတ်ခန်း၏သားကြီး အာရန်ခန်းမှာ အသက် ၂၇နှစ်ရှိပြီဖြစ်ကာ အမေရိကန်နိုင်ငံမှ အနုပညာနှင့်ဘွဲ့ရရှိထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရန်ခန်းသည် ဖခင်၏ အနုပညာအမွေကိုဆက်ခံ၍ အနုပညာရှင်ဖြစ်ရန် ဆန္ဒမရှိဘဲ ဝဘ်စီးရီးရုပ်ရှင်တစ်ကားကို ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ဒါရိုက်တာအဖြစ် ရိုက်ကူးထားကာ ၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာမည် ဖြစ်သည်။



အာရန်ခန်းမှာ အမေရိကန်မှ အနုပညာနှင့်ဘွဲ့ရရှိခဲ့ပြီး ဖခင်ထက်ပိုမိုချောမော၍ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်နေကာ ဆယ်ကျော်သက်ကျောင်းသားဘဝတွင် အမိတာဘဂျမ်းမြေးနှင့် ချစ်သူဖြစ်ခဲ့ပြီး၊ လက်ရှိနိုင်ငံခြားသူ မော်ဒယ်လ်တစ်ဦးနှင့်တွဲနေသည်။

ရှာရွတ်ခန်းသည် သားသမီးသုံးဦးရှိရာ သားကြီးအာရန်နှင့် သမီးဆိုဟာနားကို ဇနီးဂေါ်ရီက ကိုယ်ဝန်ဆောင်မွေးခဲ့ပြီး အဗရစ်ကို အငှားကိုယ်ဝန်နှင့်မွေးထားသည်။ SKY

၀-၀-၀-၀-၀-၀-၀



## အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသော စစ်ပွဲများကို ပုပ်ရဟန်းမင်းကြီး၏ အရှိန်အဝါဖြင့် ရပ်တန့်ပေးစေလို

**တီဟီရန် နိုဝင်ဘာ ၂၁**

လက်ရှိ အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသော စစ်ပွဲများကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ အရှိန်အဝါဖြင့် ရပ်တန့်ပေးစေလိုသည်ဟု အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်က နိုဝင်ဘာ ၂၀ ရက်တွင် စာပေးပို့ကာ တောင်းဆိုလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဗာတီကန်မြို့တွင် လက်ခံကျင်းပသော ဘာသာရေးဆွေးနွေးပွဲသို့ တက်ရောက်သည့် အီရန်ကိုယ်စားလှယ်အဖွဲ့မှတစ်ဆင့် ၎င်းက ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကို ပန်ကြားတောင်းဆိုခဲ့ခြင်းပင်ဖြစ်သည်။


ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုအတွက် တိုးမြှင့်ဆောင်ရွက်ရန် ဗာတီကန် အကျိုးဆောင်လျှင် မိမိတို့ဘက်က အပြုသဘောဖြင့် ပါဝင်ရန် အသင့်ရှိနေသည်ဟူ၍လည်း အီရန် သမ္မတက ၎င်း၏ စာတွင် ထည့်သွင်းရေးသားထားသည်။

ပုံမှန်အားဖြင့်မူ ပုပ်ရဟန်းမင်းအဆက်ဆက်အနေဖြင့် ကမ္ဘာ့ရေးရာပြဿနာများနှင့် စစ်ရေးပဋိပက္ခများတွင် ဝင်ရောက်စွက်ဖက်ပြောဆိုသည့် အစဉ်အလာ မရှိခဲ့သော်လည်း လက်ရှိ ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ယခင်အပတ်က ဂါဇာအရေးနှင့်ပတ်သက်ပြီး ပြောဆိုခဲ့သဖြင့် အီရန်သမ္မတက ထိုသို့ ပန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဘရာဇီးသမ္မတ လူလာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးစာချုပ်များ ချုပ်ဆို

**ဘရာဇီးလီးယား နိုဝင်ဘာ ၂၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဘရာဇီးသမ္မတ လွစ်ဖ်အီနာရှိုလူလာဒါဆီလ်ဗာတို့နှစ်ဦး ဘရာဇီးလီးယားမြို့တော်၌ ယမန်နေ့က တွေ့ဆုံကာ တရုတ်-ဘရာဇီး နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် လက်ခံကျင်းပသော ကမ္ဘာ့နိုင်ငံ ၂၀ အုပ်စု ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သည့် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဘရာဇီးနိုင်ငံနှင့် ကုန်သွယ်ရေး၊ စီးပွားရေးအပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရန် ဆန္ဒရှိသည့် အလျောက် ဘရာဇီးသမ္မတ လူလာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကုန်သွယ်ရေး၊ စီးပွားရေး၊ နည်းပညာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူစာချုပ်ပေါင်း ၄၀ ခန့်ကို ချုပ်ဆိုခဲ့သည်။

ဘရာဇီးနှင့် တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆက်လက်တိုးမြှင့်ကာ ရွှေမိတ်ဖက်နိုင်ငံများ ဖြစ်လာစေလိုသည်ဟုလည်း သမ္မတရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားသည်။

အဆိုပါနှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုတိုးတက်လာလျက်ရှိရာ ယမန်နှစ်က နှစ်ဖက်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



## အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဖက်ညှိနှိုင်းရာတွင် အစ္စရေးက လိုက်လျောဆောင်ရွက်လိမ့်မည်မဟုတ်

**ဘေရွတ် နိုဝင်ဘာ ၂၁**

အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဖက်ညှိနှိုင်းသည်ဆိုရာတွင် အစ္စရေးက လိုက်လျောဆောင်ရွက်လိမ့်မည်မဟုတ်ဟု ဟစ်ဇဘိုလာပြောက်ကျားအုပ်စု ခေါင်းဆောင် နိမ်းကွက်ဆင်က ဝေဖန်ထောက်ပြလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေးနှင့် ဟစ်ဇဘိုလာအကြား အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်အထူးသံတမန် ဟို့ချ်စတိုင်း လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်အထိ လာရောက်စေ့စပ်ညှိနှိုင်းပေးနေစဉ်တွင်ပင် နိုဝင်ဘာ ၂၀ ရက်၌ အစ္စရေးဘက်က လက်ဘနွန်နယ်စပ်ရှိ ခီယမ်ကျေးရွာကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ယင်းတိုက်ခိုက်မှုအပြီးတွင် ဟစ်ဇဘိုလာခေါင်းဆောင် နိမ်းကွက်ဆင် ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာ ထိုသို့ ဝေဖန်ထောက်ပြခဲ့ခြင်းဖြစ်သည်။

စင်စစ်တွင် မိမိတို့အနေဖြင့် တိုက်ခိုက်မှုများကို အဆုံးသတ်ကာ လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာကိုလည်း ပြန်လည်ထိန်းသိမ်းစေလိုသည်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။

**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် အကြမ်းဖက်မှုကြောင့် ၂၄ နာရီအတွင်း လူ ၂၀ ဦး သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် အကြမ်းဖက်မှုကြောင့် ၂၄ နာရီအတွင်း လူ ၂၀ ဦး သေဆုံးခဲ့သည်ဟု နိုဝင်ဘာ ၂၀ ရက်၌ အစိုးရတပ်မတော်ဘက်က သတင်းထုတ်ပြန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခိုင်ဘာပတ်ထန်ခွာပြည်နယ် ဘန်နူးမြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထိုပြည်နယ်အတွင်းရှိ အခြားဒေသများတွင် အကြမ်းဖက်လက်နက်ကိုင်များနှင့် ပါကစ္စတန်အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများလည်းဖြစ်ပွားခဲ့ကြောင်း သိရသည်။ **Mon**





အရပ် ၂၄ ဒသမ ၇ လက်မသာအရပ်မြင့်သော ကမ္ဘာ့အရပ်အပုဆုံး အမျိုးသမီး ဂျယိုတီအမ်ဂေနှင့် ၇ ပေကျော်မြင့်သော ကမ္ဘာ့အရပ် အမြင့်ဆုံးအမျိုးသမီး ရူမေဆာဂေလီဂိုတို့နှစ်ဦး နိုဝင်ဘာ ၂၀ ရက်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ တွေ့ဆုံကာ နေ့လယ်ခင်း လက်ဖက်ရည်သောက်နေကြစဉ်။ **Mon**

## လာအိုနိုင်ငံရောက် ဩစတြေးလျ ဆယ်ကျော်သက် အရက်အဆိပ်သင့်မှုကြောင့် ထိုင်းဆေးရုံ၌ သေဆုံး

**ဘန်ကောက် နိုဝင်ဘာ ၂၁**

လာအိုနိုင်ငံရောက် ဩစတြေးလျ ဆယ်ကျော်သက်တစ်ဦး အရက်အဆိပ်သင့်မှုကြောင့် ထိုင်းဆေးရုံ၌ နိုဝင်ဘာ ၂၁ ရက်က သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၁၉ နှစ်အရွယ် ဩစတြေးလျ ဆယ်ကျော်သက် အမျိုးသမီးသည် ဗီယန်ကျင်းမြို့တော်မြောက်ဘက်ရှိ ဗန်ဗီယန်းမြို့တွင် အရက်သောက်ပြီးနောက် သတိလစ်သွားသဖြင့် ထိုင်းဆေးရုံတစ်ရုံက လက်ခံကုသပေးစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

အရက်အတုထဲရှိ အီသနော အဆိပ်သင့်ပြီး ၎င်းသေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဆေးမှတ်တမ်းတွင် တင်ပြထားကြောင်း သိရသည်။ **Mon**



## ဆိုင်ယာနိုက်အဆိပ်ခတ်ပြီး လူ ၁၄ ဦးကို သတ်ခဲ့သည့် အသက် ၃၆ နှစ်အရွယ် ထိုင်းအမျိုးသမီး သေဒဏ်ချခံရ

**ဘန်ကောက် နိုဝင်ဘာ ၂၁**

ဆိုင်ယာနိုက်အဆိပ်ခတ်ပြီး လူ ၁၄ ဦးကို သတ်ခဲ့သည့် အသက် ၃၆ နှစ်အရွယ် ဆာရာရတ်ရန်ဆီဝူသပွန်ဟု အမည်ရသော ထိုင်းအမျိုးသမီး နိုဝင်ဘာ ၂၀ ရက်က သေဒဏ်ချမှတ်ခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါအမျိုးသမီးသည် လောင်းကစားကို စွဲလမ်းနေသူဖြစ်ပြီး အသိမိတ်ဆွေများထံမှ ငွေချေးယူခဲ့ကာ ဘတ် ၃၀၀၀၀၀ ခန့်အထိ အကြွေးတင်နေသဖြင့် ကြံရာမရဖြစ်ကာ ဆိုင်ယာနိုက် အဆိပ်ခတ်ပြီး သတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်နိုင်ခဲ့သည်။



၎င်းသည် လူ ၁၅ ဦးကို ထိုသို့အဆိပ်ခတ်သတ်ရန် ကြိုးစားခဲ့သော်လည်း တစ်ဦး သေဘေးမှလွတ်မြောက်ကာ ၁၄ ဦးသာ ၎င်း၏ လက်ချက်ဖြင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ထိုင်းရဲတပ်ဖွဲ့က အစီရင်ခံတင်ပြသည်။

ထိုအမျိုးသမီးနှင့် ဆက်နွယ်ပတ်သက်သော ခင်ပွန်းဟောင်း ရဲအရာရှိနှင့် ရှေ့နေတို့ကို တရားရုံးက ထောင်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

**Mon**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။





### တက်ရောက်

အစည်းအဝေးသို့ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့က ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ပုံသေဝင်ငွေရရှိသော လခစား ဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ သို့ဖြစ်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီများ၏ ဖြန့်ဖြူးရောင်းချမှုအပါအဝင် လက်ရှိဖြစ်ပေါ်နေသော မြေပြင်အခြေအနေအပေါ် ထိန်းကျောင်း ဆောင်ရွက်သွားမည့် အစီအမံများ၊ လိုအပ်ချက်နှင့် လက်တွေ့ဆောင်ရွက်သင့်သည် များကို အသေးစိတ် ဆွေးနွေးညှိနှိုင်းရန် ဖြစ်ကြောင်း။

ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုများ ပျက်စီးဆုံးရှုံးရခြင်းသည် ကုန်ဈေးနှုန်း တည်ငြိမ်မှု အပေါ်တွင်လည်း သက်ရောက်မှု ရှိလာမည်ဖြစ်ကြောင်း၊ နေရာဒေသအချို့တွင် ရေကြီးမှုများကြောင့် မိုးစပါး စိုက်ဧကများ ထိခိုက်ပျက်စီးခဲ့သဖြင့် စပါးစိုက်ပျိုးမှု၊ ထွက်ရှိမှု၊ ပြည်တွင်းစားသုံးမှု၊ အရန်ဆန်နှင့် ပြည်ပတင်ပို့မှုစသည်တို့ကို စနစ်တကျ တွက်ချက်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိစားအုန်းဆီဖြန့်ဖြူးမှု စနစ်တကျရှိရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များက ကြပ်မတ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အသား၊ ငါး၊ ဥဈေးနှုန်းများ တည်ငြိမ်ရေးအတွက် တိရစ္ဆာန် မျိုးသားပေါက်၊ အစာနှင့် ကာကွယ်ဆေး စသည့် မွေးမြူရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို အကျိုးအမြတ်အတွက် ဈေးကစားခြင်းများ မရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ် ထိန်းကျောင်းသွားရန် လိုအပ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ပြည်နယ်အလိုက် ဆောင်ရွက်ပေးသင့်သည့် ရေတို၊ ရေရှည် အစီအမံများကို ဝိုင်းဝန်း ဆွေးနွေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ အပါအဝင် အခြေခံ စားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံစားသောက်ကုန် ဈေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်ချက်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီ စသည့် အရေးကြီး ကုန်စည်များနှင့် စပ်လျဉ်းပြီး နေ့စဉ် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲနှင့် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌက ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန် ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်း လိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှု အဝင်အထွက်မှန်ကန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေး လုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

နိုဝင်ဘာ နိုင်ငံတကာရက် သတ္တပတ်ကြောင့် ရပ်နားထားသည့် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၁၄)အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Dagon Port အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် ၁၃ အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၇ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ရမှတ် ၂၀၊ မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ရှစ်မှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ်ရရှိထားသည်။

ယခုတစ်ပတ်တွင် အသင်းကြီးအချင်းချင်းတွေ့ဆုံမှုမရှိသော်လည်း ချန်ပီယံဆုအတွက် နိုင်ပွဲမဖြစ်မနေလိုအပ်နေသည့် အသင်းများ၊ တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ကြိုးစားနေသည့်အသင်းများကြောင့် ပွဲကောင်းများ ဖြစ်လာနိုင်သည်။

**ကိုညီလေး**